# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၅၈)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ ၂၇-၁၁-၂၀၂၄၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှေ့နေချုပ်ရုံးတို့ ပူးပေါင်း၍ ဥပဒေဆိုင်ရာ ဟောပြောပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၆

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာအရ ဆောင်ရွက်ရေးအစီအစဉ် (၂၀၂၄-၂၀၂၅) အားအကောင်အထည်ဖော်သည့်အနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှေ့နေချုပ်ရုံးတို့ ပူးပေါင်း၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကျွမ်းကျင်သူများ၏ ဥပဒေဆိုင်ရာ ဟောပြောပွဲကို ယနေ့တွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌဦးစစ်အေး၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးမျိုးတင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါက်တာခင်မောင်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ်မျိုးမင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှေ့နေချုပ်ရုံးမှ ပြစ်မှုဆိုင်ရာအမှုများ တရားစွဲနှင့် အမှုလိုက်ဌာန၏ ဌာနအကြီးအကဲ Mr. BAZHUTOV Sergey ဦးဆောင်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကျွမ်းကျင်ကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဥပဒေရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

### ဘာသာရပ်အလိုက် ဟောပြောသွားမည်

အဆိုပါဟောပြောပွဲတွင်ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ ကျွမ်းကျင် ကိုယ်စားလှယ် သုံးဦးက ဒစ်ဂျစ်တယ် နည်းပညာအသုံးပြု၍ ပြစ်မှုကျူးလွန်ခြင်းအပေါ် ခြေရာခံထောက်လှမ်းခြင်းအပါအဝင် နည်းပညာအသုံးပြု၍ ဂိုဏ်းဖွဲ့ကျူးလွန်သော မှုခင်းများကို တိုက်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ကြုံတွေ့ရသည့်စိန်ခေါ်မှုများနှင့် ကာကွယ်တားဆီးခြင်း နည်းလမ်းများ၊ တရားမဝင်ဆောင်ရွက်မှုများအပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းဆိုင်ရာ သိကောင်းစရာများကို ဘာသာရပ်အလိုက် ဟောပြောသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှေ့နေချုပ်ရုံးမှ ကျွမ်းကျင် ကိုယ်စားလှယ် သုံးဦးတို့က "ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ပြစ်မှုကျူးလွန်ခြင်းအပေါ် ခြေရာခံထောက်လှမ်းခြင်း အပါအဝင် နည်းပညာအသုံးပြု၍ ဂိုဏ်းဖွဲ့ကျူးလွန်သောမှုခင်းများကို တိုက်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် ကာကွယ်တားဆီးခြင်း နည်းလမ်းများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားနှင့်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ တရားမဝင်ဆောင်ရွက်မှုများအပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ကာကွယ်တားဆီးရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းဆိုင်ရာ သိကောင်းစရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဟောပြောပွဲအပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ ပြစ်မှုဆိုင်ရာအမှုများ တရားစွဲနှင့် အမှုလိုက်ဌာန၏ ဌာနအကြီးအကဲ Mr. BAZHUTOV Sergey က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးက ပေးအပ်သော Certificate ကို သင်တန်းသား သင်တန်းသူများကို ပေးအပ်ပြီး ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်းရှိ သရုပ်ပြတရားခွင်နှင့် E-Library များကို လှည့်လည်ကြည့်ရှုကြသည်။

### နှစ်နိုင်ငံတွေ့ဆုံဆွေးနွေး

ယင်းနောက် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား "တရားရုံးများ၌ ရာဇဝတ်မှုနှင့် တရားမမှုများကို လိုက်ပါဆောင်ရွက်ရာတွင် အစိုးရရှေ့နေများ၏ ပါဝင်ဆောင်ရွက်မှုများနှင့် အစိုးရရှေ့နေများက အီလက်ထရောနစ် သက်သေခံချက်များအား တင်သွင်းဆောင်ရွက်ခြင်း" ခေါင်းစဉ်ဖြင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပကြကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၆

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဧလ

## ယနေ့ ဖတ်စရာအညွှန်း


ဂိုးသမား ဒိဂိယာအား စာချုပ်သက်တမ်းတိုးရန် ပီအိုရင်တီးနားအသင်း စိစဉ်

စာမျက်နှာ ၁၁

မျက်စိနှင့် အသည်းအတွက် အရေးပါသော ပီတာမင်အီး(ဆောင်းပါး)

စာမျက်နှာ ၁၇

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက် ၊ ဗုဒ္ဓဟူးနေ့။

မန္တလေး နေ့စဉ်

# စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

လူငယ်ဟူသည် အတွေ့အကြုံ၊ ဆင်ခြင်တုံတရား၊ ငယ်နုသေးသောကြောင့် ပြည့်ဝရင့်ကျက်လာအောင် စာဖတ်ခြင်းအလေ့အထကို ပျိုးထောင်ပေးရမည် ဖြစ်သည်။

ပညာဗဟုသုတနှင့် စေတနာကောင်းများကို နှိုးဆော်ပေးတတ်သော စာဖတ်ခြင်းသည် စိတ်၏အဟာရကို ပြည့်ဝစေသည်။ ဉာဏ်အမြော်အမြင်လည်း ကြီးမားစေသည်။ ရှေးလူကြီးတို့၏ အယူအဆအကောင်းအဆိုးနှင့်အတွေ့အကြုံကောင်းများကို မှတ်သားသိရှိနိုင်သည်။

ကျောင်းသား၊ ကျောင်းသူများအတွက် စာပေဖတ်ရှုရန် ကျောင်းတွင်း၌ ကျောင်းစာကြည့်တိုက်များရှိသည်။ ကျောင်းနှင့် စာကြည့်တိုက်သည် ခွဲခြားမရပါ။ စာကြည့်တိုက်သည် ကျောင်း၏ အင်္ဂါအစိတ်အပိုင်းတစ်ရပ်လည်းဖြစ်သည်။ ကျောင်းများတွင် စာကြည့်တိုက်ထားပေးခြင်းမှာ ကျောင်းသားများ စာဖတ်ခြင်းအလေ့အထကို ပြုစုပျိုးထောင်ပေးခြင်းဖြစ်သည်။ ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူများအတွက် စာကြည့်တိုက်သည် တကယ့်အခွေခင်ပွန်းကောင်းဖြစ်သည်။ ဂိမ်းဆော့ကစားခြင်း၊ အကြောင်းမဲ့အချိန်ဖြုန်းနေခြင်းထက် စာကြည့်တိုက်တွင် စာဖတ်ခြင်းသည် အနာဂတ်ဘဝကို အရောင်တင်ပေးခြင်းဟု ဆိုနိုင်သည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အတန်းအားချိန်တွင် ကျောင်းစာကြည့်တိုက်ကိုသွား၍ စာဖတ်နိုင်ရန်အတွက် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပလျက်ရှိသည်။

စာကြည့်တိုက်တွင် လူမှုရေး၊ စီးပွားရေး၊ သမိုင်းရေး စသော အရေးအရာစုံအသိပညာများ၊ ဗဟုသုတများ စုစည်းလျက်ရှိသည်။ စာကြည့်တိုက်တွင် အတိတ်မှသည် ပစ္စုပ္ပန်အထိသာမက အနာဂတ်အထိပင် ပညာရပ်များရှိနေသည်။ အတွေးအခေါ်ပညာရပ်များ၊ အတတ်ပညာ၊ နည်းပညာရပ်များကို စာကြည့်တိုက်တွင် ဖတ်ရှုနိုင်သည်။

ထို့အပြင် ပညာရရှိရန်အတွက် စာသင်ကျောင်းများတွင် ဆည်းပူးရှာဖွေနိုင်သည်။ အသိပညာဟူသည်ကား ရှာ၍ မကုန် ယူ၍ မခန်းနိုင်သောသဘောရှိပါသည်။ ကျောင်းသား၊ ကျောင်းသူများ အတန်းပညာပြီးမြောက်သော်လည်း ပညာရရှိရန်အတွက် စာအုပ်စာပေများကို အစဉ်တစိုက်လေ့လာရမည်။ ထိုသို့ လေ့လာဖတ်ရှုနိုင်ရန် ဝယ်ယူငှားရမ်း၍ ဖတ်ရှုကြရမည်ဖြစ်သည်။ မိမိဖတ်လိုသော စာအုပ်မျိုးစုံကို တစ်နေရာတည်းတွင် အလွယ်တကူ ဖတ်ရှုနိုင်သည်မှာ စာကြည့်တိုက်ပင်ဖြစ်သည်။ စာကြည့်တိုက်များတွင် စာအုပ်အမျိုးအစားစုံလင်ပြီး မိမိဖတ်ရှုလိုသော စာအုပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်သည်။ စာကြည့်တိုက်သည် လူငယ်များအတွက် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ စသည့် ကိုယ်ရည်ကိုယ်သွေးများ တောက်ပစေရေးအတွက် မရှိမဖြစ်လိုအပ်သော နေရာတစ်ခုလည်း ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာ လူငယ်များအနေဖြင့် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်တို့တွင် နေကုန်နေခန်းထိုင်ကာ အချိန်ဖြုန်းခြင်းထက် စာအုပ်များနှင့် မွေ့လျော်ခြင်းသည် အသိအလိမ္မာဉာဏ်ပညာကို များစွာတိုးပွားလာစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ (၃၇)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် ၂၃လမ်းနှင့် ၈၆ လမ်းထောင့်ရှိ မင်းမဟာလက်ဖက်ရည်ဆိုင်တွင် ကျင်းပသည်။

ဦးစွာ အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းနာယက ဦးကံလှ(မောင်လူလှ-ဓေယျာဦး)က စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူရှင်အသီးသီး၏ အလှူငွေများကို မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ ၂ ကြိမ်ပေးပို့လှူဒါန်းခဲ့မှုနှင့် ယခုထပ်မံလှူဒါန်းမည့် အစီအစဉ်များကို ပြောကြားခဲ့သည်။

ထို့နောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူရှင်များဖြစ်ကြသော ဦးရန်သိမ်း(ဆရာအညာသားမိသားစု)က ငွေကျပ် ငါးသောင်း၊ ဦးမြင့်ဇော်+ဒေါ်ကျင်ငွေ(မြင့်ဇော်-မျက်မှန်)မိသားစုက ငွေကျပ် ငါးသောင်း၊ မြန်မာနိုင်ငံသားများဘဏ်(MOB)က ငွေကျပ်ငါးသောင်း၊ ဒေါက်တာဒေါ်ခင်စန်းရီ (ပါမောက္ခ၊ ဌာနမှူး-ငြိမ်း)က ငွေကျပ်သုံးသောင်း၊ ဦးအောင်သန်းမြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ ဦးဌေးအောင်(ရေသန့်စက်ရုံ)တို့က ငွေကျပ်နှစ်သောင်းငါးထောင်စီ အသီးသီးလှူဒါန်းရာ အသင်းနာယက ဦးကံလှ(မောင်လူလှ-ဓေယျာဦး)၊အသင်းဥက္ကဋ္ဌ ဦးရွှေမော်(မြောက်မြင့်တော်က-ကိုရွှေမော်)နှင့် ဘဏ္ဍာရေးမှူး ဦးမောင်မောင်တို့က လက်ခံရယူပြီး အသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားဧကထက် ကျော်လွန်စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နှမ်း ၁၅၂၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တစ်မြို့နယ်လုံး ဆီထွက်သီးနှံ နှမ်းစိုက်ဧက ၁၂၁၄၂ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧက ပြည့်မီစေရန် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ နှမ်းစိုက်ဧက ၁၅၂၉၂ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်၍ လျာထားစိုက်ဧကထက် ပိုမိုကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီစားသုံးမှု ဖူလုံပိုလျှံစေဖို့၊ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့နဲ့ ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေဖို့အတွက် ရည်ရွယ်ပြီး ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးခြင်းကို ၁၂၁၄၂ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ ယနေ့ထိ ၁၅၂၉၂ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ဆီထွက်သီးနှံများ စိုက်ပျိုးခြင်းနဲ့ပတ်သက်ပြီး ပန်းတိုင်အထွက်နှုန်းများရရှိအောင် ပေါင်ကြီးတင်စနစ် စိုက်ပျိုးနည်းပညာတွေ အသုံးပြုကြဖို့ ၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျ သုံးစွဲကြဖို့နဲ့ ပိုးမွှားရောဂါမကျရောက်အောင်ကြိုတင် ကာကွယ်နှိမ်နင်းရေးနည်းပညာများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးရာတွင် လျာထားစိုက်ဧက ပြည့်မီစေရေး၊ အရည်အသွေးကောင်းသော သီးနှံအထွက်နှုန်းများ ရရှိရေး ၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲရေး စသည့် တောင်သူပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သဖြင့် နှမ်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းမှုရှိသဖြင့် ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးရေးကို တစ်နှစ်ပတ်လုံးစိုက်ပျိုးကြကြောင်း၊ အဓိက စိုက်ပျိုးသည့် နှမ်းမျိုးမှာ နှမ်းဖြူ၊ စမုံနက်နှမ်းမျိုးနှင့် သိပ္ပံ နှမ်းနက်တို့ကို စိုက်ပျိုးကြကြောင်းနှင့် ယခုအခါ တောင်သူများ အားထားစိုက်ပျိုးခဲ့သည့် ဆောင်းနှမ်းစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အပေါ်ဓါတ်ပုံ) (၄၄၅)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်မှု လက်တွေ့သရုပ်ပြ

**ကူမဲ နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကူမဲမြို့ဈေးတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်ကာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်မှု လက်တွေ့သရုပ်ပြသခြင်းကို ယနေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ လက်တွေ့သရုပ်ပြသဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်မင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုအမျိုးအစားများအလိုက် မီးငြိမ်းသတ်ခြင်းများကို မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်၊ မီးသတ်ဆေးဘူးများ အသုံးပြု၍ လက်တွေ့ မီးငြိမ်းသတ်သရုပ်ပြခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ မီးငြိမ်းသတ်ရေးဖာတ်တိုက်လေ့ကျင့်ရာသို့ ကူမဲမြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဈေးသူ၊ ဈေးသားများတက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဓါတ်ပုံ)**

**(ဝါဝါမြင့်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၆လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့တွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၆၉၄ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၆**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန်ရည်ရွယ်၍ ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၃၃၁၀) မှ(၄၀၅၉) အထိ အတွဲပေါင်း ၇၅၀ အတွက် ပြည်တွင်း ရတနာကုန်သည်များက ပြပွဲအဋ္ဌမနေ့တွင် ဈေးနှုန်းတင်သွင်းလွှာများ တင်သွင်းခဲ့ကြပြီး ပြပွဲနဝမနေ့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၆၉၄ တွဲ ရောင်းချခဲ့ရကြောင်း ကြေညာသည်။

**စိတ်ကြိုက်လေ့လာကြည့်ရှု**

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၄၀၆၀) မှ (၄၈၀၀) ထိ ကျောက်စိမ်းအတွဲပေါင်း ၇၄၁ တွဲကို ပြည်တွင်းရတနာကုန်သည်များက စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယနေ့ နံနက်ပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများအား ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးနေမှုကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**ရောင်းချပေးနိုင်ခဲ့**

မွန်းလွဲပိုင်းတွင် ကျောက်စိမ်းအတွဲအမှတ် (၄၀၆၀) မှ (၄၈၀၀) အထိ တင်သွင်းထားသောဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၇ ရက်တွင် ကြေညာသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၀၈ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲ၊ အုပ်စု (အေနှင့်ဘီ) မှ ကျောက်စိမ်းအတွဲ ၁၈၂၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့သည့်အပြင် ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိပြီး ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူရမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၁၄၂၉ တွဲတို့ကို ရောင်းချပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများအား ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးနေမှုကို ကြည့်ရှုအားပေးစဉ်။



ကျောက်စိမ်း အတွဲများအား ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးနေမှုကို တွေ့ရစဉ်။

# မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရား ကုန်စည်ပြပွဲ ရန်ကုန်မြို့တွင် ကျင်းပသွားမည်

**မန္တလေး၊ နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် Chinese Textile & Germent Association in Myanmar (CTGA) တို့ပူးပေါင်းပြုလုပ်မည့် မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲကို ရန်ကုန်မြို့ရှိ Yangon Convention Center(YCC) တွင် ဒီဇင်ဘာ ၆ရက်မှ ၈ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်အသစ်များရရှိရေး၊ စီးပွားရေးမိတ်ဖက်များရရှိရေး၊ မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍာ လုပ်နိုင်စွမ်းများကို ကမ္ဘာက သိရှိရေးအတွက် ယခုကဲ့သို့ ပြပွဲကို ပြုလုပ်ပေးခဲ့ခြင်း ဖြစ်သည်။

"မြန်မာ့အထည်ချုပ်လုပ်ငန်းက ထုတ်လုပ်တဲ့ ထုတ်ကုန်တွေအတွက် ဈေးကွက်အသစ်ရရှိဖို့နဲ့ ကုန်စည်ပြပွဲတွေ၊ စီးပွားရေးမိတ်ဖက်တွေနဲ့ တိုက်ရိုက်တွေ့ဆွေးနွေးပွဲတွေကိုလည်း ကျင်းပပေးသွားမှာဖြစ်ပါတယ်၊ ပြပွဲမှာ Fashion Show, Costume Competition တွေအပါအဝင် Bussiness Matching တွေလည်း ပါဝင်မှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းက တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြပွဲတွင် ကုန်အမှတ်တံဆိပ် ၂၀ ကျော်ကို တရုတ်နိုင်ငံမှ ပြခန်းပေါင်း ၁၂၀ခန်း၊ မြန်မာနိုင်ငံမှ ပြခန်း ၄၀ ခန်း၊ စုစုပေါင်း ပြခန်းပေါင်း ၁၆၀ ကျော် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း၊ အထည်အလိပ်နှင့် ဆက်စပ်ပစ္စည်းများ၊ အပ်ချုပ်စက်များ၊ အထည်ချုပ်လုပ်ငန်းတွင် အသုံးပြုသည့် စက်ပစ္စည်းအမျိုးမျိုး၊ Shoe & Bag အမျိုးမျိုးနှင့် Home Textile များနှင့် အခြားဆက်စပ်ပစ္စည်းများကို ပြသပေးသွားမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံတကာ မိတ်ဖက်များအနေဖြင့် ပြပွဲတွင် ခင်းကျင်းပြသမည့်ဒေသတွင်း အထည်အလိပ်နှင့် အထည်ချုပ်စက်ရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့် လက်မှုပညာများကို လေ့လာနိုင်မည်ဖြစ်ပြီး ရိုးရာနည်းပညာများမှစ၍ ခေတ်မီဆန်းသစ်တီထွင်မှုများ Made in Myanmar ထုတ်လုပ်သူများထံကလည်း အထည်အလိပ်ကုန်ပစ္စည်းများ၊ စက်ပစ္စည်းများကိုလေ့လာနိုင်မည်ဖြစ်သည်။

မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲ ၂၀၂၄ တွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ၊ အသင်းဝင်စက်ရုံများ၊ ကိုရီးယား(KOGAM)၊ ဟောင်ကောင် (HKMMA) နှင့် အာဆီယံနိုင်ငံများ၏ အထည်အလိပ်များနှင့် စက်ယန္တရားများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဧ)

# နေရာကျဲကျဲ မိုးရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၆**

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ပါသည်။

မိုး/ဧလ

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၇)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်းများသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြရာ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။


ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၇)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇)ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့များတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ် -

စာမျက်နှာ ၅ သို့ ✰


နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၇) မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။


ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၇) မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။


ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၇) မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။


ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၇) မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၇) မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

☆ စာမျက်နှာ ၄ မှ

**ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ၏ စကားသံများ**

(၁) အရပ်သားဘဝကနေ စစ်သားဘဝကိုကူးပြောင်း ရတာဆိုတော့ အခက်အခဲတော့ အများကြီးရှိပါတယ်။ ဒါပေမဲ့ ကျွန်တော် ကြိုးစားပြီး သင်ယူသွားမှာပါ။ စစ်ပညာသင်ဖို့အတွက်လည်း အဆင်သင့်ဖြစ်နေ ပါပြီ။ လူငယ်ဖြစ်တဲ့အတွက် အတွေ့အကြုံအသစ်၊ ဗဟုသုတအသစ်လိုချင်တဲ့အတွက် ဒီသင်တန်းကို တက်ရောက်ရခြင်းဖြစ်ပါတယ်။ ကိုယ့်နိုင်ငံကို ကာကွယ်ရတာ ဂုဏ်ယူရတဲ့ကိစ္စတစ်ရပ်ပါ။ ကျွန်တော်က အကြမ်းဖက်မှုတွေကို မလိုလားပါဘူး။ ဒါကြောင့် အကြမ်းဖက်မှုတွေကို တိုက်ဖျက်ဖို့အတွက် ဒီသင်တန်းကို ကြိုးစားသင်ယူသွားမှာပါ။

(၂) အရင်အပတ်စဉ်တွေကတည်းက တက်ချင်နေ တာပါ။ ဒါပေမဲ့ ဒီအပတ်စဉ်ကျမှ ကျွန်တော် တက်ခွင့် ရပါတယ်။ တက်ခွင့်ရတော့လည်း အဆင်ပြေပြေ ပါပဲ။ အဲဒီအတွက်ကို နောက်တက်မယ့် ညီအစ်ကိုတွေ အနေနဲ့လည်း ဘာမှအလွန်အကျွံစိတ်ပူမနေပါနဲ့။ ကောလာဟလတွေကိုလည်း ယုံနေမယ်ဆိုရင် အဆင်မပြေနိုင်ပါဘူး။ ကျွန်တော်တို့က နိုင်ငံ့သား ကောင်းတစ်ယောက်အနေနဲ့ လုပ်ရမယ့်အရာကို လုပ်ကိုလုပ်ရမှာပါ။ မြန်မာနိုင်ငံတော်အတွက် အထောက်အကူဖြစ်စေမယ့် နိုင်ငံ့သားကောင်း တစ်ယောက်အဖြစ်နဲ့ ကျွန်တော်အကောင်းဆုံး ထမ်းဆောင်သွားမယ်လို့ စဉ်းစားထားပါတယ်။

(၃) ကျွန်တော် မြန်မာနိုင်ငံသားတစ်ယောက်ပါ။







မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဒီနိုင်ငံတော် အပေါ်ကို တာဝန်ကျေပွန်ချင်လို့ ဒီပြည်သူ့စစ်မှုထမ်း ကို လာရောက်တက်ဖြစ်ခဲ့တာဖြစ်ပါတယ်။

သတင်းစဉ်

## မန္တလေး ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ် ကျောင်းသား၊ ကျောင်းသူများအား ကြိုဆိုပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၆**

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပထမနှစ်(၁၁/၂၀၂၄) သင်တန်းသို့ တက်ရောက်ခွင့်ရသည့် မောင်မယ်သစ်လွင် ကျောင်းသား၊ ကျောင်းသူများအား ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက မြတ်ဝတ်လွှာ စာသင်ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် မန္တလေး ဒုတိယပါမောက္ခချုပ် ဒေါက်တာ လင်းထက်မြင့်က ကြိုဆို နှုတ်ဆက် အမှာစကားပြောကြားပြီး မော်ကွန်းထိန်း၊ ပါမောက္ခ၊ ဌာနမှူးများနှင့် ကထိကဌာနမှူးများ က စာမေးပွဲစည်းကမ်းများ၊ ဘာသာရပ်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်၊ မော်ကွန်းထိန်း၊ ပါမောက္ခ၊ ဌာနမှူးများနှင့် ကထိကဌာနမှူးများ၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် မန္တလေး ဝင်ခွင့်ရသည့် ကျောင်းသား၊ ကျောင်းသူ ၉၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၉၅)**

## ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မကြီးစမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ယနေ့ မွန်းလွဲ ၁နာရီက ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေး အန္တရာယ်နှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး ကျင်းပခဲ့သည်။ **(ဝဲပုံ)**



ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲအောင်က တောင်ယာမီးရှို့ခြင်းနှင့် တောမီးလောင်ခြင်းတို့ကြောင့် မီးခိုးမြူငွေ့များ ဖြစ်ပေါ်နိုင်သည့် အကြောင်းအရာများကိုလည်းကောင်း၊ မီးခိုးမြူများကြောင့် လူများ၏ ကျန်းမာရေးကိုသာမက ပတ်ဝန်းကျင်အခြေအနေများကိုလည်းကောင်း၊ သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးကျော်စံဟိန်းက သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးချစ်ဇေက ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးများကိုလည်းကောင်း အသီးသီး ဆွေးနွေးဟောပြောကြရာ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာနေ ပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## မြောင်းမြမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

မြောင်းမြ နိုဝင်ဘာ ၂၆

ရောဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဖြင့် စာဖတ်ဝိုင်းကို ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

### ကြည့်ရှုလေ့လာ

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေရည်ဝင်းကျော်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာရေးဆရာမ ဒေါက်တာ မြင့်မြင့်ခင် ရေးသားသည့် ရှေ့တန်းရောက် ကျန်းမာရေးပြဿနာ စာအုပ်ဖြင့် စာဖတ်ဝိုင်းဆက်လက်ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မာဝင်းက တစ်သက်တာဘဝခရီး၊ အဖွဲ့ဝင် ဒေါ်မေသဇင်က လူအိုကမ္ဘာ၊ ဒေါ်အုန်းအုန်းလွင်က သွေးတိုးရောဂါ အကြောင်း ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသူများက စာအုပ်ပါအကြောင်းအရာများကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြသထားသော စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ၊ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားလာပြီး အသိပညာဗဟုသုတ ကြွယ်ဝလာစေရန်အတွက် စာဖတ်ဝိုင်း ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး နိုဝင်ဘာ ၂၆**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမျှဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား ၅၀၀၀ ဦးကျော် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ပညာရေးဦးစီးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



၎င်းနောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်းတွင် ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက “အလှဆုံးပန်းများပွင့်ကြပြီ” သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ နိုင်ငံ့အကျိုးအတွက် မျှော်မှန်းရည် ခိုင်မာတိုးတက်စေရမည် Video clip ကို ပြသခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု ကော်မတီ၏ လမ်းညွှန်ထောက်ပံ့မှုတို့ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များကို တိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် ဇွန်လမှစ၍ ဒီဇင်ဘာလအထိ (၁၂)ကြိမ် ကျင်းပသွားမည်ဖြစ်ပြီး ယခု အခမ်းအနားသည် (၈)ကြိမ်မြောက်ဖြစ်ပါကြောင်း၊ စာအုပ်စာပေများကို အင်တာနက်စာမျက်နှာများတွင် အလွယ်တကူ ဖတ်ရှုနိုင်သကဲ့သို့ စာကြည့်တိုက်များတွင်လည်း အခမဲ့ဖတ်ရှုနိုင်ပါကြောင်း၊ အသိပညာဗဟုသုတ တိုးပွားစေသည့် စာအုပ်စာပေများ ဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတများ ကျယ်ပြန့်စေရုံသာမက စိတ်နှလုံးကိုလည်း သိမ်မွေ့စေ၍ သိမ္မုနယ်ပယ်ကို ပိုမိုကျယ်ပြန့်စေပြီး စွမ်းရည်သတ္တိအရည်အချင်းတို့ တိုးတက်ထက်မြက်နေမည် ဖြစ်ပါကြောင်း၊ စာအုပ်စာပေများနှင့် ရင်းနှီးထိတွေ့စေပြီး ပတ်ဝန်းကျင်ကောင်းများ ဖော်ဆောင်ပေးနိုင်ရန်အတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းစာကြည့်တိုက်အတွက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသည့် စာအုပ်စာစောင်များကို တိုင်းဦးစီးမှူးက ကျောင်းအုပ်ဆရာကြီးထံ သို့လည်းကောင်း၊ ကိုယ်ပိုင်ကျောင်းများက အလှူငွေကျပ် ၁၀၁ သိန်းနှင့် International ကျောင်းများက အလှူငွေကျပ် ၅၂၅၀၀၀၀ ကို တာဝန်ရှိသူများထံ သို့လည်းကောင်း ပေးအပ်ခဲ့ကြသည်။

စာမျက်နှာ ၇ သို့ ■














■ **စာမျက်နှာ ၆ မှ**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စာရေးဆရာမ အေးအေးခိုင် (ပညာရေး)က "စာဖတ်ရှိန်မြှင့်တင်ဖို့ စာကြည့်တိုက်ကိုသွားကြပါစို့" ခေါင်းစဉ်ဖြင့် စာပေဟောပြောခြင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ဖျော်ဖြေခဲ့ကြသည့် အဖွဲ့များကို ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ပညာရေးပြခန်းများ၊ ပြပွဲ၊ ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ကြည်နူးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**














MANDALAY

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။







# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အားကစားအသင်းများအား အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး နိုဝင်ဘာ ၂၆**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး အားကစားအသင်းများအား အောင်နိုင်ရေးအလံ ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အားကစားအသင်းများမှ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုမြင့်မားရေး၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ၌ ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် မြန်မာ့အားကစားအသင်းများ အောင်မြင်မှုရရှိရေး ရည်ရွယ်၍ ကျင်းပသည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်အားကစားအသင်းများအနေဖြင့် အမျိုးသားအားကစားပွဲတော် ဂုဏ်ဒြပ်နှင့်အညီ ကောင်းမွန်သောစိတ်ဓာတ်များနှင့် စွမ်းအားများ စုစည်းပြီး အောင်မြင်မှုရရှိအောင်၊ နိုင်ငံတော်၏ဂုဏ်နှင့် တိုင်းဒေသကြီးဂုဏ်ကို အားကစားဖြင့် မြှင့်တင်ဆောင်ရွက်ပေးနိုင်သူများဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး အားကစားအသင်းများမှ တာဝန်ရှိသူများထံ အောင်နိုင်ရေးအလံနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်သည့်ထောက်ပံ့ငွေကျပ် ၆၄၀ ဒသမ ၃၂၀ သန်းကို ပေးအပ်ပြီးနောက် အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြများအား လိုက်လံနှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်း၊ နေပြည်တော်တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ အားကစားနည်း (၂၄)နည်းဖြင့် ကျင်းပသွားမည့် ပြိုင်ပွဲများတွင် မန္တလေးတိုင်းဒေသကြီး အနေဖြင့် အားကစားနည်း(၂၃)မျိုးနှင့် မသန်စွမ်းအားကစားနည်း (၄)မျိုး၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

သတင်း-စာမျက်နှာ ၆





**တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း၊ ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရုံမှ၊ သဏ္ဍာန်လှပ၊ ပန်းရလိမ့်။**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပ



**ပြင်ဦးလွင် နိုဝင်ဘာ ၂၆**

ကျောင်းသား၊ ကျောင်းသူများ လမ်းအသုံးပြုရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်မတော်တဆမှုများ ကျဆင်းစေရန် ရည်ရွယ်၍ အမှတ်(၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးကျော်မျိုးသူက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာကိုရွှေအောင်သင်းက "အနာဂတ်ပန်းများ လန်းစေဖို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြင်ဦးလွင်မြို့ အမှတ်(၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးခင်မောင်မြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သတ်သော ဆောင်ရန်၊ ရှောင်ရန်များအားလည်းကောင်း၊ အမှတ်(၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ရဲတပ်ကြပ်ကြီးအေးစိုး(ဇင်ယော်)က ရင်ခွင်(၄)မျိုးနှင့် လမ်းပေါ်မှ အသံထွက်လူသတ်သမားများအကြောင်း စသည်ဖြင့် အသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများမှ မိမိတို့သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများမှ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားပေးခဲ့သည်။ အဆိုပါဟောပြောဆွေးနွေးပွဲသို့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၀၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**(အပေါ်ဝဲပုံ)**

**သွေးသွေး(ခရိုင် ပြန်/ဆက်)**



## သက်ငယ်မုဒိမ်းမှုလျော့ပါးရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

**ခန္တီး နိုဝင်ဘာ ၂၆**

ခန္တီးခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် လူငယ်အသိပညာပေးလုပ်ငန်းများဖြစ်သည့် ဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ ဓာတ်ပုံနံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲများကို ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၁၀ နာရီက သက်ငယ်မုဒိမ်းမှုလျော့ပါးရေး အသိပညာပေးဟောပြောပွဲကို လူထုအခြေပြုဗဟိုဌာန Community Centre တွင် ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်နန်းအေးခိုင်က ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မူမူထွန်းက သက်ငယ်မုဒိမ်းနှင့်ပတ်သတ်၍ ဖြစ်ပွားနိုင်မှုအခြေအနေများ၊ ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဆွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူလေးများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ဝေထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဖေယျာရွှေမြေလက်ကမ်းစာစောင်အား ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာများသို့ လိုက်လံစစ်ဆေး



**ဇေယျာသီရိ နိုဝင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်လံစစ်ဆေးခြင်းများကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသူနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပေးခြင်း၊ အရေးပေါ်မီးသတ်တယ်လီဖုန်းနံပါတ်များ ဖြန့်ဝေပေးခြင်း၊ မီးဖိုအသုံးပြုသည့် နေအိမ်များနှင့် အခြားမီးသုံးစွဲသည့် နေအိမ်များအား မီးများစနစ်တကျသုံးစွဲရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိရန်လိုအပ်ချက်များအား လိုက်လံစစ်ဆေး၍ မီးမလောင်ခင် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မီးလောင်လျှင် ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် မီးလောင်ပြီး ဆောင်ရွက်ရမည့်နည်းလမ်းများကို ကျေးရွာအတွင်း လှည့်လည်အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ ပါဘီး(၃)ကျေးရွာနေ ယာဒေါင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ပြားနှင့် RPG ဒုံးသီး ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မွန်းလွဲ ၁ နာရီ ၂၅ မိနစ်က RPG ဒုံးသီး သိမ်းဆည်းခိုင်းထားသူ ယောနသန်အား တာချီလိတ်မြို့နယ်၊ ရန်ရှင်း(၂)ကျေးရွာရှိ ၎င်း၏နေအိမ်တွင် ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ယာဒေါင်း(၄၆)နှစ်နှင့် ယောနသန်(၃၄)နှစ်တို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက် ရှိသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းစာအဖွဲ့)**



## ပြည်ထောင်စုလမ်းမကြီးတွင် ဆီဘောက်ဆာယာဉ် တိမ်းမှောက်မှု ဖြစ်ပွား

**ကလော နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဝက်ဖြူရေကျေးရွာအုပ်စု၊ ရေယားကျေးရွာအနီး၊ မိုင်တိုင်အမှတ်(၆၉/၁)၊ ပြည်ထောင်စုလမ်းမကြီးတွင် နိုဝင်ဘာ ၂၅ ရက် မွန်းတည့် ၁၂ နာရီက ဆီဘောက်ဆာယာဉ်မတော်တဆဖြစ်ပြီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါယာဉ်တိမ်းမှောက်ရာသို့ ကလောမြို့နယ် မီးသတ်စခန်းမှ မီးသတ်ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်(၁)စီး၊ မီးသတ်စက်ယာဉ်(၁)စီးဖြင့် ဓာတ်ဆီများယိုစိမ့်မှုကြောင့် မီးလောင်ကျွမ်းမှုမဖြစ်ပွားစေရေးအတွက် အမြှုပ်ဆေးရေဖြင့် ပတ်ဖျန်းခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ဝ၅၇)**



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ


**နေပြည်တော် နိုဝင်ဘာ ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ်၊ မိုင်းဇင်းကျေးရွာအနီးတွင် အိုက်လုံမှတ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေး ပြား ၆၀၀၀ ပြားနှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အိုက်လုံမှတ် (၆၆)နှစ်အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းစာအဖွဲ့)**

၁၇-၁၁-၂၀၂၄ ရက်နေ့ ကျောက်ဆည်မြို့နယ်၌ ငွေကျပ် ၁၄ ဒသမ ၅၂၇ ဘီလီယံ တန်ဖိုးရှိ ဘိန်းဖြူ ၃၃၂ ဒသမ ၂ ကီလိုနှင့် စိတ်ကြွဆေးပြား ၄၁ ဒသမ ၄၈ သိန်း သိမ်းဆည်းရမိမှု




# မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ငွေကျပ် ၁၄ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၃၂ ကီလိုကျော်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၁ သိန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၁၄ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၃၂ ကီလိုကျော်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၁ သိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၇ ရက် ညနေ ၃ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် တောင်တော်ကျေးရွာ၏ မြောက်ဘက် သုံးဖာလုံခန့်အကွာ မြောင်းဘေး၌ မူးယစ်ဆေးဝါးများ လွှဲပြောင်းသယ်ဆောင်မည်ဖြစ်ကြောင်း သတင်းအရ သွားရောက်ရှာဖွေ စစ်ဆေးခဲ့ရာ စိုင်းဝဏ္ဏထွန်း(ခ)ဝဏ္ဏနှင့် စိုးမြင့်ထွန်းတို့ နှစ်ဦးကို မက်တူး ယာဉ်တစ်စီး၊ CANTER ယာဉ်တစ်စီး၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဘိန်းဖြူပါ ဆပ်ပြာခွက် ၂၂၀ စီပါ ဆာလာအိတ် ၆၇ အိတ်အတွင်းမှ ဘိန်းဖြူ ၁၄၇ ဒသမ ၄ ကီလိုနှင့် ဆာလာအိတ် ၂၀ ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၄၁ ဒသမ ၄၈ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေပိုင်းတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာလမ်းကြောင်း၌ ရှေ့ပြေးဆောင်ရွက်သူ ဉာဏ်ဝင်းလှိုင်ကို စဉ့်ကိုင်မြို့ တိုးဂိတ်တွင် SURF ယာဉ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်မှ ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်လမ်းဆုံအထိ တာဝန်ခံသယ်ဆောင်သူ ဇော်ထွန်းကို ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်လမ်းဆုံတွင် ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် သိမ်းဆည်းရမိ CANTER ယာဉ်၏ ယာဉ်မောင်း ကျော်စွာလင်း(ခ)ဂက်စ်အိုးကို ကျောက်ဆည်မြို့နယ် ဆားတောင်ငယ်ကျေးရွာတွင်လည်းကောင်း၊ မန္တလေးမြို့တွင် မူးယစ်ဆေးဝါးများ လက်ခံမည့်သူ အောင်ခန့် ကို မွန်းလွဲပိုင်းတွင် ချမ်းအေးသာစံမြို့နယ် ၃၁ x ၃၂ ကြား ၈၇ လမ်းမပေါ်တွင်လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် ရပ်စောက်မြို့နယ်မှ ရွာငံမြို့နယ်သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ သက်ဝေအောင်ကို အောင်ပန်းမြို့တွင် လည်းကောင်း၊ မူးယစ်ဆေးဝါးများကို DONGFENG တွဲယာဉ်ဖြင့် သယ်ဆောင်ခဲ့သူ ဥက္ကာနိုင် ကို ကျောက်ဆည်မြို့ မြို့ရှောင်လမ်းတွင် အဆိုပါတွဲယာဉ်ဖြင့် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး ဇော်ထွန်း၏ ဖော်ထုတ်ချက်အရ ကျောက်ဆည်မြို့နယ် ကင်းကျေးရွာအနောက်ဘက် တောစပ်ချုံအတွင်း ဝှက်သိမ်းထားခဲ့သည့် ဘိန်းဖြူပါ ဆပ်ပြာခွက်များထည့်ထားသည့် ဆာလာအိတ် ၈၄ အိတ်အတွင်းမှ ဘိန်းဖြူ ၁၈၄ ဒသမ ၈ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ငွေကျပ် ၁၄ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၃၂ ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၁ ဒသမ ၄၈ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေး ဖော်ထုတ်ချက်များအရ မူးယစ်ဆေးဝါးများအား ရွာငံမြို့နယ် ယုန်တောင်ကျေးရွာမှ စစ်ဆေးရေးဂိတ်များတွင် ရှောင်ကွင်း၍ ကျေးရွာချင်းဆက်လမ်းများမှ သယ်ဆောင်ရာ ပူးပေါင်းပါဝင်သူ စိုင်းနိုင်ထူးသာ(ခ)နေဖြိုးထက် ကို နိုဝင်ဘာ ၁၉ ရက် ည ၈ နာရီတွင် မန္တလေးမြို့၌ ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များဖြင့် ဝယ်ယူထားသော အောင်ခန့် ပိုင်ဆိုင်သည့် ALPHARD ယာဉ်နှင့် MARK II ယာဉ်တို့အား ချမ်းအေးသာစံမြို့နယ်တွင် ဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊ ၎င်းတို့မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်


ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ ယာဉ်များနှင့်အတူ တွေ့ရစဉ်။

# အင်းတော်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ၏နေအိမ်များကို မီးရှို့ဖျက်ဆီးနေသည်ဟု သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၆




စစ်ကိုင်းတိုင်း ဒေသကြီး အင်းတော်မြို့နယ် အတွင်းရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေသည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ အကြမ်းဖက်သမားများ အနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားကို မငဲ့ကွက်ဘဲ မြို့၊ ရွာများအတွင်း ဝင်ရောက်၍ တိုက်ပွဲများ ဖော်ဆောင် လာခြင်းများကြောင့် မြို့၊ ရွာများ ပျက်စီးရကြောင်း၊ သို့ဖြစ်၍ အကြမ်းဖက်သမားများ ဝင်ရောက်လာမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါမြို့နယ်အတွင်း လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန် တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အင်းတော်မြို့နယ်အနီး တစ်ဝိုက်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သော်လည်း နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းမရှိကြောင်းနှင့် အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ်ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၂၆

ယနေ့မွန်းလွဲ ၂ နာရီ ၃၃ မိနစ် စက္ကန့် ၃၀ အချိန်တွင် မြစ်ကြီးနားမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၁၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုးညှင်းမြို့၏ အနောက်ဘက် ၂၇ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၇၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၀ ဒီဂရီ၊ အနက် ၂၇ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

မိတ္ထီလာ နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဦးစွာ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာဘေးဟောပြောပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းကို ပြသပေးကာ အဆိုပါ ရုံးဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။(အောက်ပုံ)

ခရိုင်(ပြန်/ဆက်)



# မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် သယံဇာတရေးရာဝန်ကြီး မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းပိုင်းပြုပြင်နေမှုများ စစ်ဆေး



**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပိုင်း၊ မိုင်တိုင်အမှတ် ၄၇/၁မိုင်မှ ၄၇/၃မိုင်အကြားလမ်းနှင့်လမ်းတာပေါင်များ ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်နေသည့် လုပ်ငန်းများကို သွားရောက်စစ်ဆေးခဲ့ကြသည်။

လမ်းပိုင်းပြုပြင်မှုများ စစ်ဆေးရာသို့ ဝန်ကြီးအဖွဲ့နှင့်အတူ မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးဇော်တင်မိုး၊ မန္တလေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးတင့်လွင်တို့ လိုက်ပါခဲ့သည်။

ဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါ လမ်းပိုင်းမှ အလျားပေ ၈၁၀၊ အမြင့် ၅၅ပေ၊ အကျယ် ၄၁ပေရှိ Gabion box နှင့် Terrameshများအသုံးပြု၍ Soft Type မြေကာနံရံ/မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေသော တောင်ပေါ်ဒေသဆောက်လုပ်ရေးကုမ္ပဏီမှ ဦးစိုးထွန်းလင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြရာ ဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**



## မိုင်းယန်းမြို့နယ် နမ့်မုတ်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းယန်း နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် နမ့်မုတ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်/မြို့နယ်အင်ဂျင်နီယာများမှ နမ့်မုတ်ကျေးရွာ ကုန်ထုတ်လမ်း တစ်မိုင် အကျယ် ၁၂ပေ၊ မြေသားတစ်ပေ၊ သဲမြန်းကိုးလက်မ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ယခုဘဏ္ဍာရေးနှစ်တွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အတူ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါကုန်ထုတ်လမ်း တစ်မိုင်ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၇၃သန်းဖြင့် Ester Akha Lay ကုမ္ပဏီမှ တင်ဒါအောင်မြင်၍ ဖွန်လစတုတ္ထအပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက နမ့်မုတ်ကျေးရွာရှိ တောင်သူများ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ပြောပြ၍ သိရသည်။

(ဝ၄ဝ)

ဝ-ဝ-ဝ-ဝ-ဝ

## ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသားတိုးနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက သစ်တပ်ကျေးရွာအုပ်စု၊ ကြို့ပင်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကြို့ပင်ကျေးရွာတွင် (RBF)စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြို့ပင်ကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် အသားတိုးနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်မည့် အောင်သုခ၊ အောင်ဇေယျ၊ အောင်ကောင်းမြတ်နှင့် အောင်သုတ စသည့် အဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူ ၂၀ ဦးကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နေဇ်လူး**



## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၂၆၅ ထပ်မံ မြင့်တက်လာ

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ဆက်လက်မြင့်တက်လာရာ တစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်လာပြီး ယခင်သီတင်းပတ်ထက် ငွေကျပ် ၂၆၅ ထပ်မံမြင့်တက်လာသည်။



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။ **(ဝဲပုံ)**

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

**(မန္တလေးနေ့စဉ်-၅)**

သင် ကျန်းမာလိုလျှင်
ဆီနှင့် အငန် လျှော့စားပါ။



## အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ရွှေဘို နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့ အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်စန်းက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများကို အသိပညာပေးဟောပြောပြီး ဒုတိယဦးစီးမှူး ဒေါ်ခိုင်ဇင်က ကလေးအလုပ်သမားပပျောက်ရေးအကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဟောပြောပွဲသို့ အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံ ပြီးစီး

**ပခုက္ကူ နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေးနှင့်သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ကျောင်းသား၊ ကျောင်းသူ ၂၇၃၂ ဦး တို့အား ထိုးနှံပြီးစီးနေပြီ ဖြစ်သည်။

အဆိုပါ ရောဂါကာကွယ်ဆေးများထိုးနှံပေးမှုကို ပခုက္ကူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းသူရမြင့်နှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားသည့် အသက် ၅ နှစ်ပြည့်ပြီး ၇ နှစ် မကျော်သော ကျောင်းသား၊ ကျောင်းသူများအား ဆုံဆို့ -မေးခိုင်ရောဂါကာကွယ်ဆေး(DT)ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းနှင့် အသက် ၉ နှစ်ပြည့်ပြီး ၁၀ နှစ် မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံခြင်းများကို နိုဝင်ဘာ ၂၀ ရက်မှစတင်ပြီး ကွင်းဆင်းဆောင်ရွက်ကြကြောင်း၊ ထိုသို့ဆောင်ရွက်ရာ ယနေ့အထိ ဆုံဆို့ -မေးခိုင်ရောဂါကာကွယ်ဆေး (DT) ကို ကျောင်းသား၊ ကျောင်းသူ ၁၉၅၆ ဦးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ကို ကျောင်းသူ ၇၇၆ ဦး၊ စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၂၇၃၂ ဦးတို့အား ထိုးနှံပြီးစီးနေပြီဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံပေးရန် ရည်မှန်းဦးရေမှာ ၄၈၁၀ ဦးဖြစ်ပြီး ကျန်ရှိနေသေးသည့် ကျောင်းသားကျောင်းသူ ၂၀၇၈ ဦး တို့ကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၃၄၀)**

## မြန်မာ့အထည်ချုပ်ကို အရှေ့အလယ်ပိုင်းနိုင်ငံများ တိုးမြင့် ဝယ်ယူလာ



မြန်မာနိုင်ငံမှာ CMP လက်ခစားစနစ်နဲ့ ချုပ်လုပ်တဲ့ အထည်များကို အရှေ့အလယ်ပိုင်းနိုင်ငံတွေကနေ ဝယ်ယူမှုမြင့်တက်လာကြောင်း မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်းမှ သိရသည်။

"လက်ရှိမှာ ဥရောပဈေးကွက်ထံ တင်ပို့မှုကိုကြည့်ရင် ပိုလန်နိုင်ငံဟာ အများဆုံးဝယ်လက်နိုင်ငံဖြစ်လာပြီး မိမိတို့အနေဖြင့် ထုတ်လုပ်မှုအားကောင်းပြီး ဈေးနှုန်းဈေးသက်သာတဲ့ အခြေအနေကိုရောက်ရှိအောင် ဆောင်ရွက်နေတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

အမေရိကန်၊ ဂျာမနီ၊ ပိုလန် အပါအဝင် အနောက်နိုင်ငံများသည် မြန်မာ့အထည်ချုပ် ပို့ကုန်၏ အဓိကဈေးကွက်အဖြစ် ရှိနေကြောင်း စီးပွားကူးသန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်အတွင်း CMP လက်ခစားစနစ်နှင့် ချုပ်လုပ်နေသည့် အထည်ချုပ်စက်ရုံများအတွက် ပြည်ပနိုင်ငံများမှ အထည်လိပ်ကုန်ကြမ်းတင်သွင်းမှုသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ပမာဏ ရှိခဲ့သည်။

အဆိုပါ အထည်လိပ်ကုန်ကြမ်းများကိုလည်း လုပ်ငန်းအပ်နှံထားသည့် နိုင်ငံများက တရုတ်နိုင်ငံဈေးကွက်မှတစ်ဆင့် အဓိကတင်သွင်းခဲ့ကြပြီး စုစုပေါင်းတင်သွင်းမှု၏ ၉၀ ရာခိုင်နှုန်းကျော် ရှိခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀-၀

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေး

**ပွင့်ဖြူ နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဥယျာဉ်ကျစ်ကျေးရွာအုပ်စု၊ ရွှေဘိုရွာသစ်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ရွှေဘို ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၇ ဦးကို ငွေကျပ် ၃၇ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၁၈ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၁ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၅ ဦးကို ငွေကျပ် ၅၈ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၄၅)**

## အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်များ ပြည်ပဈေးကွက်သို့ တိုးချဲ့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၆**

အသေးစား၊အငယ်စားနှင့် အလတ်စားလုပ်ငန်းများမှ ထုတ်လုပ်သော ထုတ်ကုန်များ ပြည်ပဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရေးအတွက် လုပ်ငန်းရှင်များ ပူးပေါင်းကာ လုပ်ဆောင်လျက်ရှိကြောင်း MSME လုပ်ငန်းရှင်များထံမှ သိရသည်။

MSME လုပ်ငန်းများ ထုတ်ကုန်များကို ပြည်ပဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာပြပွဲများသို့ သွားရောက်ပြသခြင်း၊ အရည်အသွေးများကို ပိုမိုမြင့်တင် ထုတ်လုပ်ခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာများကို တိုးတက်အောင်လုပ်ဆောင်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

"ပြပွဲတွေကို သွားရောက်ပြသပေးခြင်းအားဖြင့် ထုတ်ကုန်တွေကို ပြည်ပနိုင်ငံတွေက သိရှိပြီး ဝယ်ယူမှုတွေလည်း ရှိလာပါတယ်။ ပြပွဲတွေကို များများ ပါဝင်ပြသသွားဖို့လိုပါတယ်" ဟု MSME လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားဖြစ်သော အသေးစား၊အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ကဏ္ဍ အရှိန်မြှင့်တင်လုပ်ဆောင်သွားရန် အတွက် နိုင်ငံတော်အစိုးရက လုပ်ဆောင်ပေးနေကြောင်း၊ မြန်မာနိုင်ငံ MSME အကောင်အထည်ဖော်မှုတွင် နိုင်ငံ၏ GDP ပါဝင်နှုန်းမှာ ၃၀ ရာခိုင်နှုန်းသာ ခန့်မှန်းပါဝင်လျက်ရှိနေသဖြင့် GDP ပါဝင်မှုအချိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိသည်။

MSME စီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရာတွင် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုငွေကြေးများရရှိစေရန်အတွက် ပုဂ္ဂလိကဘဏ်များကို ချေးငွေများ လျှောက်ထားနိုင်ကြောင်း၊ ချေးငွေရယူမှုအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၅ ဘဏ်တို့တွင် ချေးငွေများ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**






# အလှအပနှင့် ကျန်းမာရေးကဏ္ဍ



## ဆောင်းတွင်းမှာ အသားပပ်၊ အသားခြောက်ခြင်းမဖြစ်စေမယ့် နည်းလမ်း

အေးမြတဲ့ ဆောင်းရာသီရောက်လာပြီဆိုတော့ ရာသီဥတုက အေးအေးနဲ့ ကိုယ်ခန္ဓာက ရေဓာတ်ခန်းခြောက်လာပြီး နှုတ်ခမ်းခြောက်တာ၊ လက်အရေခွံကွာတာတွေ ဖြစ်နေပြီလား။ ဒီလိုရာသီမှာ အသားရေတွေ ခြောက်လာတဲ့ အကြောင်းအရင်းကတော့ အေးမြခြောက်သွေ့တတ်တဲ့ ဆောင်းလေက အသားရေထဲမှာရှိတဲ့ ရေဓာတ်ကို စုပ်ယူပြီး ကုန်ခန်းစေလို့ပါပဲ။ ဒါကြောင့်မို့ အရေပြားတွေ တင်းတင်းခြောက်ခြောက်ကြီးဖြစ်ကာ တစ်ခါတလေမှာ ယားယံတာတွေ ဖြစ်စေပါတယ်။ ဒီလိုတွေ မဖြစ်စေဘဲ ခြောက်သွေ့တဲ့ဆောင်းတွင်းမှာတောင် ကိုယ့်အသားရေလေး စိုပြည်နေစေဖို့ နည်းလမ်းကောင်းလေးတွေ အောက်မှာ ဖတ်ကြည့်လိုက်ကြရအောင်။



ရေနွေးနဲ့ ရေချိုးတာလျှော့ပါ။ မနက် မနက်ဆို ရာသီဥတုအေးလို့ ရေနွေးနဲ့ ချိုးတာက အရေပြားပေါ်မှာ သဘာဝအတိုင်းရှိနေတဲ့ ရေဓာတ်နဲ့ အဆီအနှစ်တွေကို ခြောက်ခန်းစေလို့ပါ။ ပုံမှန်အခန်းအပူချိန်ထက် အနည်းငယ်သာပူတဲ့ အပူချိန်မျိုးနဲ့ဆို ရေချိုးရအဆင်ပြေနိုင်ပါတယ်။ ချိုးမယ်ဆိုလည်း (၁၀)မိနစ်ထက် မပိုစေဘဲ အသားရေကို ထိခိုက်၊ ယားယံစေနိုင်တဲ့ ကိုယ်တိုက်ဆပ်ပြာတွေ၊ ကြေးတိုက်ရေမြှုပ်တွေ၊ Brushes တွေကိုလည်း ရှောင်ကြဉ်သင့်တာပါ။

ဂျေး(ကြေး)ချွတ်ပြီး အစိုဓာတ်ထိန်းသိမ်းပါ။ Exfoliate လို့ခေါ်တဲ့ အသားရေ အပေါ်ယံ အရေပြား ကြေးချွတ်တာက ဆောင်းတွင်းမှာလည်း လိုအပ်ပေမယ့် အသားရေက ဒီလိုအချိန်မှာ ခြောက်သွေ့လွယ်တာမို့ ပြင်းထန်တဲ့ Chemicals တွေမပါတဲ့ Exfoliator မျိုးဆို ပိုသင့်တော်မှာပါ။ ဒီလို Exfoliate တစ်ပတ်တစ်ခါလောက်လုပ်သင့်ပြီး ရေဓာတ်သေချာဖြည့်ပေးမယ့် Moisturizer ကောင်းကောင်းကလည်း မရှိမဖြစ်လိုအပ်သေးတယ်နော်။ ရေချိုးပြီး ၃မိနစ်ကနေ ၅မိနစ် အတွင်း Moisturizer ကောင်းကောင်းလိမ်းပေးမယ်ဆိုသင့်အသားရေလေးက ကြည်လင်ပြီး ရေဓာတ်ပြည့်ဝကာ ကျန်းမာနေမှာပါ။ ဒါက မျက်နှာရော ကိုယ်ခန္ဓာအတွက်ပါ အသုံးဝင်စေတဲ့ နည်းလမ်းလေးပါနော်။

**Daisy**

## Skincare ပစ္စည်းတွေအသုံးမပြုဘဲ အသားအရေလှအောင်ထိန်းသိမ်းနည်း ငါးခု

အသားအရေကောင်းမွန်ဖို့အတွက်ဆိုရင် အသားအရေထိန်းသိမ်းပေးတဲ့ skin care ပစ္စည်းတွေကို စနစ်တကျနဲ့ပုံမှန်အသုံးပြုပေးဖို့လိုအပ်ပါတယ်။ ဒါပေမဲ့ skin care ပစ္စည်းတွေ အသုံးပြုပြီးတော့ပဲ အသားအရေထိန်းသိမ်းလို့ရတာမဟုတ်ပါဘူး။ နေ့စဉ်ပြုလုပ်နေကျ အမူအကျင့်လေးတွေကို ပြောင်းလဲလုပ်ဆောင်လိုက်ရုံနဲ့ အသားအရေစိုပြည်လှပလာအောင် ပြုလုပ်လို့ရပါတယ်။ ငွေတစ်ပြားမှမကုန်ဘဲ အသားအရေထိန်းသိမ်းလို့ရတဲ့ နည်းလမ်းတွေကိုဖော်ပြပေးလိုက်ပါတယ်။

**(၁) အနားယူပါ။**

နေ့စဉ် မနားတမ်း အလုပ်လုပ်နေရတဲ့သူတွေဆိုရင် ကိုယ့်ကိုကိုယ်အနားယူပေးဖို့က ကိုယ်ကျန်းမာရေးအတွက်ရော စိတ်ကျန်းမာရေးအတွက်ပါ အရေးကြီးပါတယ်။ အနားယူပေးခြင်းအားဖြင့် စိတ်ပင်ပန်း၊ စိတ်ဖိစီးမှုတွေသက်သာစေပြီး အသားအရေကောင်းမွန်စေဖို့အတွက်လည်း အထောက်အကူ အများကြီးဖြစ်စေပါတယ်။

**(၂) ရေများများသောက်ပါ။**

ရေများများသောက်ပေးခြင်းက ကျန်းမာရေးအတွက်တင်မက အသားအရေစိုပြည်လှပစေပါတယ်။

**(၃) လေ့ကျင့်ခန်းလုပ်ပေးပါ။**

တစ်နေ့ကိုအနည်းဆုံး ၁၅ မိနစ်ခန့် လေ့ကျင့်ခန်းလုပ်ပေးခြင်းအားဖြင့် အညောင်းအညာပြေစေပြီး သွေးလည်ပတ်မှုကောင်းစေပါတယ်။ လေ့ကျင့်ခန်းပြုလုပ်ပြီး ချွေးထွက်သွားတဲ့အခါမှာ အသားအရေကိုလည်း ပိုမိုကောင်းမွန်စေပါတယ်။

**(၄) အိပ်ရေးဝဝအိပ်ပါ။**

အိပ်ရေးပျက်တာများလာရင် ကျန်းမာရေးထိခိုက်လာနိုင်တဲ့အပြင် အသားအရေကိုလည်း ပျက်စီးစေပါတယ်။ ဒါကြောင့် ညဘက်စောစော အိပ်ရာဝင်ပြီး အိပ်ရေးဝဝအိပ်ပါ။

**(၅) အချိုနဲ့အငန်ကို လျှော့စားပါ။**

နေ့စဉ်စားသုံးနေကျတဲ့ အစားအစာတွေမှာ အငန်နဲ့အချိုတွေက များလွန်းတာကြောင့် ရေရှည်မှာ ကျန်းမာရေးထိခိုက်စေနိုင်တဲ့အပြင် အသားအရေပျက်စီးပြီး ဝက်ခြံ၊ အဆီဖုနဲ့ မျက်နှာဖောင်းခြင်းတွေဖြစ်စေပါတယ်။ အချိုနဲ့အငန်ကို လျှော့စားလိုက်တဲ့အခါမှာ မျက်နှာအသားရေကောင်းမွန်စေပါတယ်။ **Daisy**

## လတ်ဆတ်တဲ့အသီးအရွက်တွေကို မှန်ကန်စွာရွေးချယ်နည်း

အသီးအရွက်တွေကို ဈေးကနေဖြစ်ဖြစ်၊ Mart ကနေ ဖြစ်ဖြစ် ဝယ်လာပြီး အိမ်ရောက်မှ အသီးက မမှည့်သေးတာ၊ အရသာမရှိ၊ စားမခံဘဲ တစ်မနက်တည်း အရွက်တွေ နွမ်းသွားတာ၊ မှိုတက်သွားတာတွေ ကြုံဖူးကြမှာပါ။ လတ်ဆတ်တဲ့ အသီးအရွက်တွေ စားနိုင်ဖို့ ဈေးမှာ ဘယ်လိုရွေးချယ်မလဲ၊ ဘယ်လို သိမ်းဆည်းမလဲဆိုတာတွေကို အားလုံးသိရအောင် မျှဝေလိုက်ပါတယ်။

အသီးတွေက ရင့်မှည့်ပြီဆို သူ့ရဲ့ရေဓာတ် ပါဝင်မှုများလာပြီး အလေးချိန်လည်း လေးလာတာ သတိထားမိမှာပါ။ အနံ့ကလည်း မွှေးနေတတ်ပြီး အရောင်အဆင်းက သူ့ရဲ့ပါဝင်တဲ့ Nutrients တွေကြောင့် စိုပြည်လာပါပြီ။ အညိုရောင်အဆင်းတွေနဲ့ အသီးက ရောနေတာ၊ ဖိမိပြီး အညိုမည်းစွဲနေတာ၊ မှိုတက်နေတာတွေကိုတော့ သတိပြုမှာပါ။ နောက်ပြီးတော့ အသီးရဲ့အညှာကို ကြည့်ပြီး ရွေးချယ်နိုင်ပါသေးတယ်။ ဥပမာ လိမ္မော်သီးဆိုရင် သူ့အညှာက စိမ်းစိမ်းစိုစိုဖြစ်နေတယ်ဆို ရင့်မှည့်ပြီး စားလို့ကောင်းတဲ့ အခြေအနေမှာရှိပါတယ်။ ဒီလိုမဟုတ်ဘဲ အညှာက ခြောက်နေပြီး အသီးကလည်း မာနေတယ်ဆို အရသာပေါ့ပေါ့နဲ့ စားမကောင်းတဲ့အသီးဖြစ်ဖို့များပါတယ်။

အရွက်တွေမှာတော့ အသီးတွေနဲ့မတူ အဖူးဆိုအဖူး၊ အရွက်ဆိုအရွက် ဘယ်လိုအဆင့်မှာမဆို လတ်လတ်ဆတ်ဆတ် ဝယ်ချက်စားလို့ရပါတယ်။ အရွက်တွေရဲ့ လတ်ဆတ်မှုကတော့ သူ့ရဲ့ အကိုင်းဖြတ်ထားတဲ့ ပင်စည်ပိုင်းကို ကြည့်ကြည့်ရင် ညိုနေတာ၊ တွန့်နေတာတွေဆို ဒီဟင်းရွက်က ခူးပြီးတာ ကြာနေပြီး မလတ်ဆတ်တော့တာကို သတိပြုရမှာပါ။

အရွက်တွေမှာဆို အပင်ထိပ်ပိုင်းအနုလေးတွေကို ဦးစားပေးရွေးသင့်ပြီး အရွက်၊ အပင်က မညှိုးနေဘဲ တောင့်တင်းလတ်ဆတ်နေရမှာပါ။ ဥပမာ ပန်းဂေါ်ဖီဆိုရင် ကိုင်မကြည့်ရင် သူ့အပွင့်ကြီးအတိုင်း သိပ်သိပ်သည်းသည်းနဲ့ တောင့်တောင်းတင်းတင်းရှိနေရပြီး အပွင့်က ဝါနေတာ အမည်းစက်တွေဖြစ်မနေဘဲ အပွင့်အရောင်က ခရင်မ်ရောင်လေးနဲ့ လှလှပပဖြစ်နေရမှာပါ။

**Daisy**

## ကိုယ်သင်းနံ့ကောင်းမွန်စေဖို့ပြုလုပ်ရမယ့်အချက်များ

လူတစ်ဦးနဲ့တစ်ဦး ခန္ဓာကိုယ်ကထွက်တဲ့အနံ့အသက်ခြင်း မတူညီကြပါဘူး။ ခန္ဓာကိုယ်ပိန်ခြင်း၊ ဝခြင်း၊ စားသောက်တဲ့အစားအစာ၊ အရက်၊ ဘီယာ၊ ဆေးလိပ်၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ လှုပ်ရှားသွားလာမှု၊ ရေမြေရာသီဥတုပေါ် မူတည်ပြီး ခန္ဓာကိုယ်ကရတဲ့ အနံ့အသက်တွေက ကွာခြားသွားပါတယ်။

ကိုယ်သင်းနံ့ကောင်းမွန်ဖို့အတွက်ဆိုရင် အခြေခံအားဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးက အရေးကြီးဆုံးဖြစ်ပါတယ်။ အနံ့အသက်ကောင်းမွန်ဖို့အတွက် အမွှေးနံ့သာတွေ ဘယ်လောက်ပဲ အသုံးပြုနေပါစေ တစ်ကိုယ်ရေသန့်ရှင်းမှုမရှိရင် အလကားပါပဲ။

တစ်ကိုယ်ရေသန့်ရှင်းမှုဆိုတာကလည်း နေ့စဉ်မျက်နှာသစ်၊ သွားတိုက်၊ ရေချိုးခြင်းတွေအပြင် လက်သည်း၊ ခြေသည်းတွေကိုလည်း ပုံမှန်ညှပ်ပေးပြီး သန့်ရှင်းပေးရပါမယ်။ လျှာနဲ့ခံတွင်း သန့်ရှင်းရေးအတွက် သွားတိုက်တဲ့အခါတိုင်း လျှာခြစ်ပြီး ညအိပ်ရာမဝင်ခင် သွားတိုက်ပေးပါ။ ခေါင်းကိုလည်း နှစ်ရက်တစ်ခါလောက်လျှော်ပေးပါ။ ဂျိုင်း(ချိုင်း)ချွေးနံ့မနံ့အောင် ချိုင်းမွေးနဲ့ ခန္ဓာကိုယ်ကမလိုအပ်တဲ့ အမွေးအမှင်ကိုတွေကို အမြဲတမ်းရှင်းလင်းဖို့လိုအပ်ပြီး ရေချိုးတဲ့အခါမှာ ဂျိုင်း(ချိုင်း)ကို သေချာသန့်ရှင်းပေးပြီး ဂျိုင်း(ချိုင်း)လိမ်းဆီလိမ်းပေးနိုင်ပါတယ်။ နားနောက်ဘက် နားထင်ကြားနဲ့ နားတစ်ခုလုံးကိုလည်း အညစ်အကြေးတွေမရှိအောင် အမြဲသန့်ရှင်းပေးပါ။ ချက်အတွင်းကိုလည်း သန့်ရှင်းရေးပုံမှန်လုပ်ပေးပါ။ အနည်းဆုံး တစ်လတစ်ခါ အရေပြားဆဲလ်သေတွေကို ဖယ်ရှားဖို့အတွက် scrub တိုက်ပေးပါ။ ရေသုတ်တဘက်ကို သုတ်ပြီးသွားတဲ့အခါမှာ နေပူမှာ လှန်းထားပြီး တစ်ပတ်တစ်ခါ လျှော်ပေးပါ။ ရေချိုးပြီးသွားတဲ့အခါတိုင်း ညစ်ပတ်နေတဲ့အဝတ်အစားတွေကို ဘယ်တော့မှမဝတ်ပါနဲ့။ အဝတ်အစားကို သေချာလျှော်ဖွပ် သန့်စင်ပြီးဝတ်ပါ။ အမွှေးနံ့သာအသုံးပြုရတာ သဘောကျတယ်ဆိုရင် အရမ်းအနံ့မပြင်း၊ မဆူးတဲ့ အမွှေးနံ့သာတစ်မျိုးကို အသုံးပြုပေးနိုင်ပါတယ်။ **Daisy**




## ထိုင်းမှိုင်းနေတဲ့စိတ်လေးကို အမြန်ဆုံးကြည်လင်လန်းဆန်းစေမယ့် နည်းလမ်း

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်းနဲ့ စိတ်အခြေအနေကြားထဲမှာ သိပ္ပံနည်းကျဆက်စပ်မှုတွေ ရှိလို့နေပါတယ်။ လမ်းလျှောက်တာ၊ ပြေးတာ၊ အေရိုးဗစ်လုပ်တာ စတဲ့ ဘယ်လိုလှုပ်ရှားမှုမျိုးကမဆို ပြုလုပ်နေတဲ့အချိန်မှာ ခန္ဓာကိုယ်က နာကျင်မှုနဲ့ စိတ်ဖိစီးမှုတွေကို လျှော့ကျစေပြီး ခံစားမှုကောင်းစေတဲ့ ဟော်မုန်းတွေကို ထုတ်လွှတ်ပေးပါတယ်။ ဒီဟော်မုန်းအပြင် အားကစားပြုလုပ်နေတဲ့အချိန်မှာ ဒိုဖာမင်နဲ့ စီရိုတိုနင်တို့လို စိတ်ပူပန်မှုတွေ ပြေလျော့စေပြီး စိတ်ဓာတ်ကျတဲ့ ခံစားချက်တွေကို ထိန်းညှိပေးတဲ့ ဟော်မုန်းတွေလည်း ထွက်ရှိပါသေးတယ်။ ကိုယ်လက်လှုပ်ရှားပြုလုပ်ခြင်းက ဟော်မုန်းတွေကိုပဲ ထွက်စေတာမဟုတ်ပါဘူး။ဦးနှောက်ဆီကို သွေးစီးဆင်းမှုပိုကောင်းစေလို့ အောက်ဆီဂျင်နဲ့ အာဟာရဓာတ်တွေကို ပိုထုတ်လွှတ်ပေးနိုင်ပြီး မှတ်ဉာဏ်တွေ၊ စွမ်းအင်တွေလည်း မြင့်တက်စေပါသေးတယ်။

လေ့ကျင့်ခန်းက အချိန်တစ်ခုယူပြီးလုပ်မှ စိတ်ခံစားမှုတိုးတက်စေတာလား။ ဥပမာပြောရရင် နာရီ



ဝက် အေရိုးဗစ်ကစားခြင်း၊ တစ်နာရီပြေးခြင်း၊ တစ်ပတ် သုံးရက် ရေကူးခြင်းက စိတ်ခံစားမှု ကောင်းမွန်လာမှာလား။ အဲလောက်တောင် အချိန်ယူစရာမလိုပါဘူးနော်။ လေးကန်နေတဲ့ တနင်္လာနေ့ နံနက်မှာ ၁၀ မိနစ်လောက်အချိန်ယူပြီး ခပ်သွက်သွက်လေး လမ်းလျှောက်ပေးလိုက်ရင်တောင် စိတ်ကလေး သိသိသာသာရွှင်လန်းလာမှာပါနော်။ နေ့လယ်စာစားချိန်မှာ လမ်းခဏလျှောက်တာ၊ ဧည့်ခန်းထဲ အိပ်ခန်းထဲမှာပဲ ၁၀ မိနစ်လောက် ကခုန်ခြင်းရဲ့ စိတ်ဖိစီးမှုတွေပြေပျောက်ပြီး စိတ်ပေါ့ပါးလန်းဆန်းသွားစေတာကြောင့် စိတ်မကြည်လင် လေးလံလာရင် အချိန်ခဏပေးပြီး ပေါ့ပေါ့ပါးပါး လှုပ်ရှားမှုတစ်ခုလောက်လုပ်ပေးနိုင်ပါတယ်။ **Daisy**

# မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



**တံတားဦး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် သစ်တောဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ယမန်နေ့ နံနက် ၁၀ နာရီက တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း ရတနာထွန်းခန်းမတွင် မြို့နယ်သစ်တောဦးစီးဌာနမှ မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာ ပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကိုကိုမောင်က အမှာစကား ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့်ပတ်သက်ပြီး အလေးထားမှတ်သားစေလိုကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးရဲထက်အောင်က မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအကြောင်းအရင်းများ၊ လူသားများနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု မီးခိုး၊ မြူငွေ့နှင့် လေထုညစ်ညမ်းမှု လျှော့ချရမည့်နည်းလမ်းများ၊ မီးခိုး၊ မြူငွေ့နှင့် လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့နည်းစေရေးအကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ မြို့နယ်သစ်တောဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက အသီးသီးပြန်လည်ဖြေကြားပေးသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ အ·ထ·က၊ တံတားဦးမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား ၊ ကျောင်းသူများ စုစုပေါင်းအင်အား ၁၀၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ခဲပုံ)**

**(၄၀၉)**

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ဟိုပုံး နိုဝင်ဘာ ၂၆**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ဒေသအဆင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုတဲ့ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးများကို မြှင့်တင်စေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက အခြေခံပညာ အထက်တန်းကျောင်း(ပင်းပက်)၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးမှ ဦးစီးအရာရှိ ဒေါ်နန်းခမ်းခြိုးက စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပပြုလုပ်ပေးသည့် ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စကားဝိုင်းကိုကျင်းပခဲ့ရာ အခြေခံပညာအထက်တန်းကျောင်း(ပင်းပက်)မှ ကျောင်းသား ၁ ဦး၊ ကျောင်းသူ ၃ ဦးတို့က ကျောင်းသားနှင့် စာပေ၊ စာဖတ်ခြင်း၏အကျိုးကျေးဇူး၊ ကျွန်တော်အနှစ်သက်ဆုံး စာအုပ်တစ်အုပ်၊ စာပေနှင့်ပညာ စသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့ဆွေးနွေး



ပေးခဲ့သည့် ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပေးခဲ့ကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဆင့်ရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဦးစီးအရာရှိ ဒေါ်လင်းလင်းစန်းက လိုအပ်သည်များအား ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။

ထို့အပြင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးမှ စာဖတ်ရှိန်မြှင့်တင်ရေး ရည်ရွယ်၍ သုတ၊ ရသ၊ စာအုပ်၊ စာစောင်များအား ခင်းကျင်းပြသခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုမှတ်သားလေ့လာခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၃၆၈)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## တန်ဖိုးစံနှုန်း

\- - - - - - -

* ရွှေတုံး
ရွံ့နွံ ဖုံးလည်း
တန်ဖိုးစံနှုန်း
မဆုံးရှုံးပါ။

* စိန်တုံး
အညစ်အကြေး ဖုံးလည်း
တန်ဖိုးစံနှုန်း
မဆုံးရှုံးပါ။

* ဒီလိုပါပဲ
နာမည်ကောင်းတစ်လုံး
ငွေနဲ့ဖုံးဖုံး
ရွှေနဲ့ဖုံးဖုံး
စိန်နဲ့ဖုံးဖုံး
ဘာနဲ့ပဲ ဖုံးဖုံး
တန်ဖိုးစံနှုန်း
မပျက်သုဉ်းရန်
သက်ဆုံးတိုင်ထိ
ကာကွယ်ပါ။ ။

**မောင်မိုးဝင်း(မန္တလေး)**

# မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၊ စားသောက်ကုန်များ ထောက်ပံ့

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးမှူးနှင့် ခရိုင်နှင့်မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စကားအင်းအမြန်လမ်းနယ်မြေစခန်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ တွေ့ဆုံပွဲကို နိုဝင်ဘာ ၂၂ရက် နံနက် ၉ နာရီခွဲက ချမ်းအေးသာစံမြို့နယ် ၈၀လမ်းနှင့် ၂၉လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်စခန်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်းတို့က မန္တလေးတိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်





မီးသတ်တပ်ဖွဲ့ဝင်များ စကားအင်းအမြန်လမ်းမီးသတ်တပ်ဖွဲ့ဝင်များအား တစ်ဦးလျှင် ဆန် ၄ ပြည်နှင့် ခေါက်ဆွဲခြောက်ထုပ်များအားထောက်ပံ့ခြင်း၊ မိုးကုတ်မြို့နယ် မီးသတ်စခန်းမှ ဆေးကုသမှုခံယူနေသော တပ်သားမင်းခန့်ကျော်အား တိုင်းခရိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူးများက ကျန်းမာရေးထောက်ပံ့ငွေကျပ် ငါးသိန်းတို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၄၅)**



ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊
စာပေ
လေ့လာစို့။

# လက်ဖက်နိဒါန်း

မြန်မာလူမျိုးတို့၏ အစားအစာအာဟာရများတွင် အရသာထူးကဲမှုရှိသည့်အတွက် ဆိုရိုးစကားအရ အသီးမှာ သရက်၊ အသားမှာ ဝက်၊ အရွက်မှာ လက်ဖက်ဟု ပြောကြသည်။

အရွက်မှာ လက်ဖက်ဟု စားသုံးကြရာ လက်ဖက်ကို အစိုပြု၍လည်းကောင်း၊ အခြောက်ပြုလုပ်၍ လည်းကောင်း၊ အချိုခြောက်ပြုလုပ်၍ လည်းကောင်း၊ ထုပ်ပိုးမှုပုံစံအမျိုးမျိုးဖြင့် ထားကြသည်။ လက်ဖက်ကို ရိုးရာနတ်ပွဲနှင့် အခြားဝိဇ္ဇာပွဲများတွင်လည်း တင်မြောက်ပသကြသည်ကို တွေ့ရှိရသည့် စာရေးသူငယ်စဉ်က စပါးရိတ်ရာ စပါးမရိတ်မီ အမေက လက်ဖက်ဆီဆမ်း လက်ဖက်အုပ်ကို လယ်ကန်သင်းမှာ ကိုင်ပြီးနတ်မှ "အရှင်ကောင်း၊ သခင်ကောင်းများ၊ လယ်စောင့်နတ်များ ပူဇော်ပသပါတယ်။ တောကမြွေ ဒွေလိုက်ပါ၊ တောကကျား ရှားလိုက်ပါ၊ ခလုတ်မထိ ဆူးမငြိအောင် မစပါဟုပြော၍ လက်ဖက်ဖြင့် ပူဇော်သည် ပသသည်ကို တွေ့ရပေသည်။ လက်ဖက်ကို အလှူပွဲ၊ မင်္ဂလာဆောင်ပွဲ၊ မွေးနေ့ပွဲ၊ ကထိန်ပွဲ၊ နာရေးပွဲ စသည့်ပွဲများ လုပ်ပါကလည်း လက်ဖက်သုပ်ကို မပါမပြီးတည်ခင်းကြသည့် လက်ဖက်ကို ဂျင်း၊ ပဲလှော်၊ ခရမ်းချဉ်သီး၊ ပဲကြော်၊ နှမ်းလှော်၊ မြေပဲလှော်၊ မြေပဲကြော်၊ ပုစွန်ခြောက်၊ ကြက်သွန်ဖြူ(တွင်းပိုး) စသည့်အမယ်များစွာဖြင့် သုပ်စားကြသည်။ စားသောက်ဆိုင်များမှာလည်း လက်ဖက်သုပ် သုပ်ရောင်းသည်။ ဂျင်းသုပ်တွင်လည်း ထည့်ကြသည်။ လက်ဖက်လုပ်ငန်း S.M.E ကိုလည်း နိုင်ငံတော်မှ ပံ့ပိုးပေးသည့်အတွက် လုပ်ငန်းရှင်များမှ ထုတ်ပိုးပုံနည်းစနစ်အမျိုးမျိုးဖြင့် စားသုံးသူတို့အား ရောင်းချကြသည်။ လက်ဖက်ကို တာရှည်ခံအောင် အချဉ်ထည့်၍လည်း စားသုံးကြသည်။ သံပရာရည်၊ မန်ကျည်းရွက်နုနှင့် အခြားအရွက်များ ရောနှောထားသည်လည်း တွေ့ရှိရသည်။ လက်ဖက်အခြောက်ကိုလည်း မြန်မာတို့ လက်ဖက်ရည်ကြမ်းသောက်ရန် အသုံးပြုကြသည့် လက်ဖက်ရည်ဆိုင်များတွင် အချိုခြောက် လက်ဖက်ခြောက်မှုန့်ကို သုံးကြသည်။ လက်ဖက်ခြောက်ကို သဘာဝအတိုင်း နေလှမ်းကြသည်လည်း ရှိသည်။ ရေနွေးဖျော်၍ ဖျာကြမ်းတွင်လှန်း(လှိမ့်၍) လက်ဖက်ခြောက်ပြုလုပ်ကြသည်။ လက်ဖက်ခြောက်ကို အရောင်လှစေရန် ဆိုးဆေးများသုံးသည်လည်း တွေ့ရှိရသည်။ လက်ဖက်ခြောက်ကိုလည်း ထုတ်ပိုးမှုပုံစံအမျိုးမျိုးဖြင့် ပြုလုပ်ထားကြသည်။ လက်ဖက်ကို အအေးဓာတ်ကြိုက်သည့် တောင်ပေါ်ဒေသများတွင် စိုက်ပျိုးကြသည်။ လက်ဖက်သည် နှုတ်မြိန်သော အချိုဓာတ်၊ အဖန်ဓာတ်၊ အခါးဓာတ်များ ပါရှိသည်။ လက်ဖက်ကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးကြရာမှ ယခုအခါ ချင်းပြည်နယ်မှာလည်း စိုက်ပျိုးလာကြသည်ကို တွေ့ရှိရသည်။ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ် ဦးရိုန်ရွာမှ ထွက်သော လက်ဖက်ခြောက်သည် သဘာဝလက်ဖက်ခြောက်ဖြစ်၍ နာမည်ကြီးသည်။ ရှမ်းပြည်နယ်တွင်လည်း ပင်လောင်းလက်ဖက်ခြောက် နာမည်ကြီးသည်။ သူ့မြို့နှင့်သူ့လက်ဖက်စို၊ လက်ဖက်ခြောက် ရောင်းဝယ်သည့် ဆိုင်ကြီးများစွာရှိသည် (အရိုးတောင်းလက်ဖက်) ဦးကာကလက်ဖက်ခြောက်၊ ဘူးစိမ်းကြီးလက်ဖက်ခြောက်၊ ကိုးကန့်လက်ဖက်ခြောက် စသည်များရှိသည်။ ယခုအခါ လက်ဖက်ခြောက်ကို ကောက်ညှင်းထည့်၍ ကောက်ညှင်းလက်ဖက်ခြောက်အဖြစ် ထုတ်လုပ်ထားသည်လည်း တွေ့ရှိရသည်။ လက်ဖက်လုပ်ငန်းကို ရှမ်း၊ ပလောင်၊ ချင်းတိုင်းရင်းသားတို့ လုပ်ကိုင်သည်က များသည်။ စကားအရ "လက်ဖက်ကောင်း စားချင်ရင် ပလောင်တောင်တက် နေးရမယ်" ဆိုရိုးစကားရှိသည်။ သဘာဝလက်ဖက်ခြောက်အစစ်ရရှိမှုသာ ရွှေဖီမိုးလွတ်လက်ဖက်ခြောက်ဖြစ်သည်။ လက်ဖက်ကို (ရွှေဖီ)ဟုလည်းခေါ်သည်။

ရွှေဖီမိုးလွတ်လက်ဖက်ခြောက်ဟု ခေါ်တွင်ရခြင်းမှာ၊ ဆောင်းနှောင်းနွေဦး၊ လေမမြူးမိုးမခ၊ ချိန်ခါသမယ၊ ကံ့ရာသီမှမိန်ရာသီပြောင်း၊ တပေါင်းမာသ၊ ဘရဂုဏ္ဏ၊ နက္ခတ်တည့်သောလ ဖဂ္ဂုဏာတွင် မည်ပုဏ္ဏတီထိ၊ ပြည့်မီသောရက်တို့၌ ငုံစို့တရွေ၊ ပုရစ်ဝေလျက် ထိုးလွင့်ထွက်ပြူလာသော အညွန့်ဖူး၊ အသစ်ဖူးထွက်ချိန်ခူးမှသာ ရွှေဖီမိုးလွတ်သဘာဝ လက်ဖက်ခြောက်စစ်စစ် ရရှိသည်။

ရွှေဖီမိုးလွတ်လက်ဖက်ခြောက်ဟန်အနေအထားမှာ (ဖျင်ကြမ်းချုပ်နပ်နဖားအတွင်းသို့ ဝင်စွမ်းနိုင်သော ဖူးသစ်ညွန့်များကို ခူးဆွတ်မှသာ ရွှေဖီမိုးလွတ်ရ သည်) ထိုရွှေဖီမိုးလွတ်လက်ဖက်ခြောက်ကို ကျို သောက်ပါက အရောင်မှာ ဝါကျင့်ကျင့်လျှံ၊ ရွှေ ရည်ကျံ၊ ပယင်း၏ စံနမူနာများ၊ ပျားရည်အရောင်ရှိသည်ဟု ဆိုသည်။

လက်ဖက်ကို နတ်သစ်စေ့ဟုလည်း ခေါ်သည်။ ကျစွာမင်းလက်ထက်၊ သံပျင်အမတ်ကြီးစီရင်ထုံးဖွဲ့သော ဋီကာနျာသကျမ်း၊ ပန်းယမြို့တွင်လည်း တုရင်္ဂဗလအမတ်ကြီး စီရင်သည့် အဘိဓာန်ဋီကာကျမ်းတို့တွင် စိနရဋ္ဌတိုင်း ခနု၊ ပလောင်၊ ရှမ်းလူမျိုးတို့ နေထိုင်ရာ တောင်ပေါ်ဒေသတွင် နတ်သားခုနစ်ယောက်တို့သည် မြောက်ဥတ္တရကုရုကျွန်းမှ တစ်လက်ဆွမ်း၊ တစ်လက်ဆွမ်းစီဖြင့် ရသဝတီမည်သော သစ်စေ့ကို (နတ်သစ်စေ့)ကို ယူဆောင်ခဲ့၍ ဒွတ္တပေါင်မင်းကြီးအား ဆက်သရာ ခနု၊ ပလောင်၊ ရှမ်းတိုင်းရင်းသားတို့ စိုက်ပျိုးစေခဲ့သည်။ နတ်သစ်စေ့ကို ဥတ္တူပြင်းရာ မြေမှာမဖြစ်၊ မြေသာယာ၊ စိမ့်ဖြာနှင်းအုံ နွေသန်မခြားနှစ်ပါးကြိုက်ညီသော တောင်များမှာသာ စိုက်ပျိုးဖြစ်ထွန်းသည်ဟု အဆိုရှိခဲ့သည်။ (တစ်နည်း) ထီးလှိုင်ရှင်ကျန်စစ်မင်း၏ မြေးတော် ရွှေရူဒါယကစကြာမင်းလောင်းအလောင်းစည်သူမင်းလက်ထက် ဇမ္ဗူဒိပ်သို့ လှည့်လည်ရာမှ မာလာယုကျွန်းဦးသို့ ရောက်သည်တွင် "သင်္ကိုတိဒေဝ၊ ယက္ခဓေယျသဲတြူ၊ ဘာဏု၊ ဒီပ အမည်ရှိသော နတ်ဘီလူးလေးယောက်တို့ မြောက်ကျွန်းမှ ယူဆောင်ခဲ့၍ တစ်လက်ဆွမ်းစီ ဆက်သကြသော ရသဝတီနတ်သစ်စေ့ကို ခနု၊ ပလောင်၊ ရှမ်းတို့နေရာ တောင်သာ၊ တောင်ဝှမ်း၊ တောင်ချွန်းတောင်ပူတို့၌ စိုက်ပျိုးစေရာများစွာဖြစ်ထွန်းပျိုးပွားလာသည်ဟုလည်းကောင်း စကားထုံးလည်းရှိသည်။ တစ်ဖန် ရှင်ဖြူရှင်လှသမိုင်း၊ ရွှေယင်မျှော်သမိုင်းနှစ်စောင်တို့တွင်လည်း အလောင်းစည်သူမင်းကြီး၊ ညောင်ရွှေအင်းအလယ်၌ နန်းတော်ဆောက်၍ စံမြန်းနေစဉ် တောအုပ်ကြီးမှာ ရှာမှီးရှာဖွေစားသောက်နေကြရသော သူတို့တောထဲ၌ အိပ်ပျော်နေစဉ် မီးက ပေါင်ကိုပတ်၍ လောင်သဖြင့် မင်းကြီးထံ အကြောင်းစုံလျှောက်တင်ရာမှ အကြောင်းပြု၍ ပေါင်ကိုမီးလောင်သောကြောင့် (ပေါင်လောင်) မင်းကြီးက နင်တို့ပေါင်ကို တောမီးလောင်တာကိုမသိအိပ်ရေးကြီးသည် နင်တို့ပေါင်လောင်သဖြင့် (ပေါင်လောင်)လူမျိုးဟု ခေါ်တွင်သမုတ် မိန့်တော်မှတ်သဖြင့် ပေါင်လောင်လူမျိုး(ယခင်)ကာလ ရွှေ့လျောလာရာမှ (ယခု)ပလောင်လူမျိုးစကား ရွှေ့လာကြောင်း၊ မင်းကြီးမှ ငါ့တွင် ပါလာသော (နိလဗီဇ)သစ်စေ့ကို စိုက်ပျိုး၍ အသက်မွေးကြဟု၊ ပေးသနားတော်မူသဖြင့် စိုက်ပျိုးပြုစု၍ စားသောက်နေကြသည်ဟုဆိုသည်။ ထိုအခါမှစ၍ ပလောင်တို့ စိုက်ပျိုးသော (နိလဗီဇ)အရွက်အညွန့်တို့ကို အလောင်းစည်သူမင်းကြီးအား ဆက်သ၍ စားတော်ခေါ်ရာ၊ အိပ်ပျော်တော်မူပြီး ထိုသစ်ရွက်သစ်တုံး (တစ်စည်း)ကို လက်ရုံးတော်ပေါ်တင်လျက် လက်နှင့်ဖက်၍ စက်တော်ခေါ်သည်ကို အကြောင်းပြု၍ (လက်ဘက်)(လက်ဖက်) ဟု နိလဗီဇသစ်ရွက်ကို လက်ဘက်ဟု ခေါ်တွင်သမုတ်ရှိခဲ့သည်ဆို၏။

လက်ဘက်ကို ရဟန်းသံဃာတော်များ စားသင့်မစားသင့်ကို အဋ္ဌကထာဋီကာကျမ်းတို့တွင် မတွေ့ရှိရပါ။ ဘုရားရှင်လက်ထက် သက္ကရာဇ်(၁၁၆၇) ခုနှစ်၌ သီဟိုဠ်ကျွန်းမှ ရဟန်းသံဃာတော်သို့ ကြွလာစဉ် လက်ဖက်ကိုပြု၍ မေးလျှောက်ရာ (ဝါတဝဓုန) ဟုခေါ်ဝေါ်ကြောင်း ပြောပြကြသည်။ ဝါတဝဓုနကို အဓိပ္ပာယ်အားဖြင့် (လေကိုပွားစေတတ်သည်ဟု အဓိပ္ပာယ်ရသည့်) လက်ဖက်(၄)ပါး ရှိကြောင်း သိရသည်။ (နိလဗီဇံလက်ဘက်)(သေလဇံလက်ဘက်) (ဝါတဝဓုနလက်ဘက်) (ရသဝတီ) လက်ဘက်ဟူ၍ လေးမျိုးရှိသည်ဟု ဆိုသည်။

ယခု လက်ဖက်စိုက်တောင်သူတို့အား နိုင်ငံတော်မှ(S.M.E)အသေးစားစက်မှုကုန်ထုတ်စက်ရုံငယ်များ ထူထောင်ရန်အတွက် ပံ့ပိုးကူညီပေးသည်ကိုလည်း သိရှိရသည်။ အဆင့်မြင့်ကုန်ချောများ ထုတ်လုပ်ခြင်း၊ ထုတ်ပိုးမှုသပ်ရပ်ကောင်းမွန်ခြင်း (F.D.A) ထောက်ခံချက်ရရှိခြင်းတို့ကြောင့် လက်ဖက်ကို နိုင်ငံခြားသားများပင် ကြိုက်နှစ်သက်ဝယ်ယူစားသုံးကြသဖြင့် နိုင်ငံခြားငွေ တစ်ဖက်တစ်လမ်းမှ ရရှိကြသည်။ အကြောင်းအမျိုးမျိုးကြောင့် လက်ဖက်စိုက် တောင်သူ ရှမ်း၊ ပလောင်၊ ခနု၊ ချင်းစသော တိုင်းရင်းသားအားလုံး ယခုကဲ့သို့ အေးချမ်းစွာ နေထိုင်စားသောက်လုပ်ကိုင်နိုင်ကြပါစေကြောင်း ဆုမွန်ချွေလျက်-

**တောင်တန်းပျော်**

# မျက်စိနှင့် အသည်းအတွက် အရေးပါသော ဗီတာမင်အီး


မျက်စိတွင် Retina ဟု ခေါ်သော အမြင်အာရုံခံသည့် နေရာရှိသည်။ ၎င်းနေရာသည် အသက်အရွယ်ရလာသည်နှင့်အမျှ ပျက်စီးလာသည်။ ထိုသို့ ပျက်စီးစေသော အဆိပ်အတောက်နှင့် အန္တရာယ်ရှိ ဓာတ်ပစ္စည်းများကို ဖယ်ရှားရာတွင် ဗီတာမင်အီးသည် အလွန်စွမ်းအားကောင်းသည့် ဗီတာမင်တစ်မျိုးဖြစ်သည်။ ထို့ကြောင့် အမြင်အာရုံနှင့်တကွ မျက်စိကျန်းမာရေးအတွက် ဗီတာမင်အီး လုံလောက် စွာ ရရှိရန် လိုအပ်သည်။

အသည်းသည် ခန္ဓာကိုယ်တွင် အလုပ်အများဆုံးလုပ်ရပြီး အပင်ပန်းဆုံးသော အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထမင်း၊ အသား၊ အဆီ၊ အသီးအရွက်များကို ခန္ဓာကိုယ်မှ သုံးစွဲနိုင်ရန် လိုအပ်သော ပစ္စည်းများကို လိုအပ်ချိန်တွင် ထုတ်ပေးခြင်း၊ ပိုနေပါက အသည်းတွင် သိမ်းဆည်းထားခြင်းစသည့် လုပ်ငန်းဆောင်တာများကို အသည်းမှ အဓိက လုပ်ဆောင်ပေးသည်။

အသည်းအဆီဖုံးသည့်အခါ ပုံမှန်အသည်းဆဲလ်များအတွင်း အဆီများစုလာပြီး ဖောင်းကားကြီးမား လာသည်။ ၎င်းနောက် အသည်းဆဲလ်များ သေဆုံးပုပ်သွားသည်။ ထိုသို့ အသည်းဆဲလ်များ ရောင်ရမ်း ဖောင်းကားခြင်းနှင့် ပုပ်မသွားစေရန် အဆိပ်အတောက်များကို ဖယ်ရှားရသည်။ ထိုသို့ ဖယ်ရှားရာတွင် ဗီတာမင်အီးသည် အလွန်ပင် အစွမ်းထက်သည့် ဗီတာမင် ဖြစ်သည်။

အသည်းမှ သွေးတွင်းအဆီကို ထုတ်လုပ်သည့် အင်ဇိုင်းကို တားဆီးရာတွင်လည်း ဗီတာမင်အီးမှ အဓိက ကာကွယ်ပေးသည်။

အသည်းအဆီဖုံးလျှင် သွေးတိုး၊ ဆီးချို၊ ဂေါက်အဆစ်ရောင်၊




သွေးတွင်းအဆီဓာတ်များခြင်း စသည့် နောက်ဆက်တွဲရောဂါများ ဖြစ်စေနိုင်သည်။ ထို့ကြောင့် အသည်းကျန်းမာရန် လိုအပ်သည်။ အသည်းကျန်းမာစေရန်အတွက်လည်း ဗီတာမင်အီး လုံလောက်စွာ ရရှိရန် လိုအပ်သည်။

ဗီတာမင်အီးကို အစေ့အဆန်များ၊ ဗန်ဒါစေ့၊ နေကြာဆီ၊ ဂျုံစပါးဆီ၊ အစိမ်းရောင်ရှိ အသီးအရွက်များမှ တစ်ဆင့်ရရှိနိုင်သည်။ ထိုသို့ သဘာဝအစားအစာများကို စားသုံးခြင်းဖြင့် လွန်ခြင်း၊ မှားယွင်းခြင်း မရှိနိုင်ပါ။

သို့ရာတွင် နှလုံးရောဂါ၊ အလွန်အမင်းသွေးတိုးနေသူ၊ လေဖြတ်ဖူးသူ၊ သွေးမတိတ်ရောဂါရှိသူများ စသောသူများအနေဖြင့် ဗီတာမင်အီးကို မိမိသဘောဆန္ဒနှင့်ဆေးဆိုင်များမှ ဝယ်ယူသောက်သုံးခြင်း မပြုလုပ်သင့်ပါ။ ဆရာဝန်ညွှန်ကြားချက် လိုအပ်ပါသည်။

ယနေ့ထိတိုင် သိပ္ပံပညာရှင်များက ဗီတာမင်အီးနှင့်ပတ်သက်သည့် ကျန်းမာရေးအကျိုးရလဒ်များကို သုတေသနပြုနေကြဆဲ ဖြစ်သည်။

အရွယ်ရောက်ပြီးသူတစ်ဦးအနေဖြင့် တစ်နေ့လျှင် ဗီတာမင်အီး ပမာဏအနည်းဆုံး ၁၅ မီလီဂရမ်မျှ လိုအပ်သည်ဟုဆိုသည်။ ထိုပမာဏကို မိမိတို့စားသုံးသည့် အစားအစာများမှ တစ်ဆင့် လွယ်လင့်တကူ ရရှိနိုင်ပါသည်။

ဗီတာမင်အီးသည် အဆီတွင် ပျော်ဝင်သော ဗီတာမင်အမျိုးအစားဖြစ်ပြီး ကိုယ်တွင်း၌ ပိုနေပါက သိမ်းထားပြီး လိုအပ်ပါက ထုတ်နုတ်အသုံးပြုနိုင်သည်။

ဗီတာမင်အီးချို့တဲ့မှုသည် ဖြစ်ခဲသည်။ များသောအားဖြင့် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ပြဿနာရှိသည့်သူများတွင် အဆီစုပ်ယူမှု ပြဿနာဖြစ်စေကာ ဗီတာမင်အီးချို့တဲ့မှု ဖြစ်စေသည်။

ဗီတာမင်အီးချို့တဲ့မှုကြောင့် အထက်တွင် ဆိုခဲ့သည့်အတိုင်း မျက်စိအမြင်အာရုံခံနေရာ(retina) ပျက်ယွင်းစေနိုင်ခြင်းသာမက ခန္ဓာကိုယ်ဟန်ချက်ပျက်ယွင်းခြင်း၊ ကြွက်သားအားနည်းခြင်းများကိုပါ ဖြစ်စေနိုင်သည်ဟု ဆိုသည်။

မွေးဖွားချိန်တွင် ဗီတာမင်အီးပမာဏ နည်းပါးသော ကလေးများ၌ အာရုံကြောစနစ်အဖွဲ့ ဖွံ့ဖြိုးမှုအပေါ် အကျိုးဖြစ်ထွန်းမှု ဆိုးရွားစေနိုင်သည်ဟုလည်း သုတေသနပြုဖော်ပြထားသည်။

ထို့ကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့် တစ်နေ့လျှင် ဗီတာမင်အီးပမာဏ ၁၅ မီလီဂရမ်သောက်သုံးရန်၊ နို့တိုက်မိခင်များအနေဖြင့်လည်း နေ့စဉ် ဗီတာမင်အီးပမာဏ ၁၉ မီလီဂရမ် သောက်သုံးရန် ဆရာဝန်များက ညွှန်ကြားထားသည်။

**မျိုးဦး**

# (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ




**တောင်ကြီး နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပသည်။

အခမ်းအနားကို အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဓာတိမာန်သီချင်းသီဆို ဖွင့်လှစ်သည်။

ထို့နောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်က ဖတ်ကြားသည်။

၎င်းနောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၃၆၈)**

**ပြင်ဦးလွင် နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင် ၂၀၂၄ -၂၀၂၅ ပညာသင်နှစ်အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဧရာဝတီခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ဓာတိမာန်သီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပြီး အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးက ဖတ်ကြားပြီး ၂၀၂၄ -၂၀၂၅ ပညာသင်နှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့်ပန်းချီပြိုင်ပွဲများမှ ဆုရရှိကြသော အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများမှ ဆုများကိုအသီးသီး ချီးမြှင့်ခဲ့ကြသည်။



ဆက်လက်ပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး တာဝန်ရှိသူများက နံရံကပ်ပြဘုတ်တွင် ပြသထားသည့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ဆုရရှိသူများ၏ အထက်တန်း၊ အလယ်တန်းဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲဝင်မှတ်တမ်းစာမူများအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



**ရေနံချောင်း နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို အ.ထ.က (၁) ကျောင်းသား၊ ကျောင်းသူလေးများက "ဓာတိမာန်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက ဖတ်ကြားသည်။

ထို့နောက် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် မြို့နယ်အဆင့် အခြေခံပညာအလယ်တန်း၊ အထက်တန်း စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၇၂)**

**မင်းဘူး နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီခွဲက ကျင်းပရာ အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာအား မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ဖတ်ကြားသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူကလေးများက "ဓာတိမာန်"၊ "မြန်မာ့ကျောင်း" သီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး၊ ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် မြို့နယ်အဆင့်ဆု ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေသည့် သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(၅၀၀)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

**သရက် နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်းကို ယမန်နေ့ နံနက် ၉နာရီခွဲက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဓာတိမာန်သီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်ပေးခဲ့ပြီး အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားပေးခဲ့သည်။

ထို့နောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲဆုရရှိသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများက လက်ခံပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများမှ မြန်မာ့ကျောင်းသီချင်း သီဆိုဖျော်ဖြေခဲ့ကာ အခမ်းအနားပြီးမြောက်ကြောင်း သိရသည်။ အခမ်းအနားအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဝန်ထမ်းများက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)ဇော်ထက်(သရက်)**



**မုံရွာ နိုဝင်ဘာ ၂၆**

(၁၀၄)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၂၅ရက် နံနက်ပိုင်းက အထက(၂)မုံရွာ၊ သလ္လာဝတီခန်းမတွင် ကျင်းပသည်။

အထက(၃)မုံရွာကျောင်းသား၊ ကျောင်းသူများက ဓာတိမာန်သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ကိုယ်စား သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက ဖတ်ကြားသည်။

အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် တိုင်းဒေသကြီးအဆင့် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်းနှင့် အထက်တန်းဆင့်၊ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်းတို့ကို ကျင်းပရာ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဇော်ထူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆုရကျောင်းသား၊ ကျောင်းသူလေးများအား ဆုများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။(၃၉၄)

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ သာယာလှပ
စိမ်းမြမြ။

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အဒါနီကုမ္ပဏီအုပ်စု စွပ်စွဲခံခဲ့ရပြီးနောက်ပိုင်းတွင် တိုတယ်လ်ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှု ရပ်တန့်သွား

**ဒေလီ နိုဝင်ဘာ ၂၆**

အိန္ဒိယအခြေစိုက် အဒါနီကုမ္ပဏီအုပ်စု လာဘ်ပေးမှုကျူးလွန်ခဲ့သည်ဟု အမေရိကန်၏ စွပ်စွဲခြင်းခံခဲ့ရပြီးနောက်ပိုင်းတွင် တိုတယ်လ်ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှု ရပ်တန့်သွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။




အဆိုပါ ကုမ္ပဏီအုပ်စုပိုင်ရှင်နှင့်တည်ထောင်သူ ကမ္ဘာ့အချမ်းသာဆုံး သူဌေးစာရင်းဝင် ဂါအူတန်အဒါနီနှင့် ၎င်း၏အမှုဆောင် ၇ ဦးသည် ကုမ္ပဏီလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခွင့်ရရန်အတွက် အမေရိကန်ဒေါ်လာ ၂၆၅ သန်းခန့် လာဘ်ပေးခဲ့သည်ဟု အမေရိကန်တရားရေးဌာနက စွဲချက်တင်ခဲ့သည်။

စွပ်စွဲချက်ပေါ်ထွက်လာသည်နှင့်တစ်ပြိုင်နက် တိုတယ်လ်ရေနံကုမ္ပဏီက ယင်းကုမ္ပဏီအုပ်စုထဲသို့ ထည့်ဝင်မည့် ရင်းနှီးမြှုပ်နှံမှုကို ဆိုင်းငံ့လိုက်သည်။

ထိုစွဲချက်နှင့် ပတ်သက်၍ အခြေအမြစ်လည်းမရှိ ဟုတ်မှန်ခြင်းလည်းမရှိဟု အဒါနီတို့ဘက်က ငြင်းဆိုသော်လည်း တရားဥပဒေနှင့်အညီ ဖြေရှင်းပြေလည်ပြီးမှသာ မိမိတို့၏ ရင်းနှီးမြှုပ်နှံမှုကို ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း တိုတယ်လ်ကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

တိုတယ်လ်ကုမ္ပဏီအနေဖြင့် အဒါနီကုမ္ပဏီအုပ်စုထဲသို့ အမေရိကန်ဒေါ်လာ သန်း ၄၀၀၀ မှ ၅၀၀၀ အထိ ရင်းနှီးထည့်ဝင်နေကျဖြစ်ကြောင်း သိရသည်။

**Mon**

## တရုတ်ပြည်တွင်းဖြစ် လည်ပတ်မှုစနစ်ကိုသုံးကာ ဟွာဝေးစမတ်ဖုန်းထုတ်လုပ်ပြီး မိတ်ဆက်ပြသ



**ပေကျင်း နိုဝင်ဘာ ၂၆**

တရုတ်ပြည်တွင်းဖြစ် လည်ပတ်မှုစနစ်ကိုသုံးကာ ဟွာဝေးကုမ္ပဏီက မိတ် ၇၀ ဟု အမည်ရသော စမတ်ဖုန်းထုတ်လုပ်ပြီး နိုဝင်ဘာ ၂၆ ရက်တွင် မိတ်ဆက်ပြသကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လက်ရှိ စမတ်ဖုန်းဈေးကွက်တွင် လူအများစုကိုင်နေကြသောဖုန်းများကို အမေရိကန်အခြေစိုက် အက်ပဲလ်နှင့် ဂူးဂဲလ်ကုမ္ပဏီနှစ်ခုက ဖန်တီးထားသော အိုအက်စ်ခေါ် လည်ပတ်မှုစနစ်များကို အသုံးပြုပြီး ထုတ်လုပ်လျက်ရှိသည်။

ဟွာဝေးကုမ္ပဏီက အမေရိကန် အမှီအခို လုံးဝမရှယူဘဲ ၎င်း၏ ကိုယ်ပိုင်နည်းပညာဖြင့် မိတ် ၇၀ စမတ်ဖုန်းများကို ထုတ်လုပ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းတွင် နိုဝင်ဘာ ၂၅ ရက်က မိုးလေပြင်းထန်ခဲ့သဖြင့် ယာယီခိုလှုံရေးတဲအိမ်အချို့ လွင့်စင်ပျက်စီးသွားသည်ကို တွေ့ရစဉ်။

**Mon**



## ကမ္ဘာလုံးဆိုင်ရာ ပလတ်စတစ်အမှိုက်ပြဿနာအတွက် တောင်ကိုရီးယားနိုင်ငံ၌ နောက်ဆုံးအဆင့် ဆွေးနွေးနေ

**ဆိုးလ် နိုဝင်ဘာ ၂၆**

ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်အရ ကမ္ဘာလုံးဆိုင်ရာ ပလတ်စတစ်အမှိုက်ပြဿနာအတွက် တောင်ကိုရီးယားနိုင်ငံ၌ နောက်ဆုံးအဆင့် ဆွေးနွေးလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဘူဆန်မြို့တွင် လက်ခံကျင်းပသော ကမ္ဘာ့ပလတ်စတစ်အမှိုက်ပြဿနာဖြေရှင်းရေး ဆွေးနွေးပွဲကို နော်ဝေနှင့် ရဝမ်ဒါနှစ်နိုင်ငံက ဦးဆောင်ခဲ့ပြီး ဥရောပသမဂ္ဂ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၆၆ နိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ပလတ်စတစ်အမှိုက်များကို ယနေ့ခေတ်တွင် တစ်ကျော့ပြန်သုံးစွဲနေသည်ဆိုသော်လည်း စင်စစ်တွင် ယင်းအမှိုက်တန်ချိန်သန်းပေါင်း ၄၀၀ အနက်မှ ၁၀ ရာခိုင်နှုန်းခန့်ကိုသာ နှစ်စဉ်တစ်ကျော့ပြန်ထုတ်လုပ်နိုင်ခြင်းဖြစ်သဖြင့် နောက်ပိုင်းတွင် ယင်းပြဿနာကို ထိန်းချုပ်ရခက်ခဲလာလိမ့်မည်ဟု ကျွမ်းကျင်သူများက ထောက်ပြသတိပေးခဲ့ကြကြောင်း သိရသည်။

**Mon**



## ဂျပန်နိုင်ငံ တနေးဂရှိမအာကာသစခန်း၌ မီးလောင် ဒုံးပျံစမ်းသပ်လွှတ်တင်မည့်အစီအစဉ် ဆိုင်းငံ့လိုက်ရ

**တိုကျို နိုဝင်ဘာ ၂၆**

ဂျပန်နိုင်ငံအနောက်တောင်ပိုင်းရှိ တနေးဂရှိမအာကာသစခန်း၌ နိုဝင်ဘာ ၂၆ ရက်က မီးလောင်မှုဖြစ်ပွားရာ ဒုံးပျံစမ်းသပ်လွှတ်တင်မည့် အစီအစဉ် ဆိုင်းငံ့လိုက်ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီ ၃၀ မိနစ်ခန့်တွင် အဆိုပါ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း ဂျပန်အာကာသစူးစမ်းလေ့လာရေးအဖွဲ့က ထုတ်ပြန်ကြေညာသည်။

စမ်းသပ်ပစ်လွှတ်မည့် ဒုံးပျံ၏ အင်ဂျင်ထဲမှ လိမ္မော်ရောင်မီးလျှံများပန်းထွက်လာပြီး စက္ကန့် ၃၀ ခန့်အကြာတွင် ပေါက်ကွဲမီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ဟစ်ဇဘိုလာတို့နှင့် အပစ်အခတ်ရပ်စဲရေးအတွက် အစ္စရေးအစိုးရဝန်ကြီးအဖွဲ့ အစည်းအဝေးပြုလုပ်မည်

**ဂျေရုဆလင် နိုဝင်ဘာ ၂၆**

လက်ဘနွန်အခြေစိုက် ဟစ်ဇဘိုလာတို့နှင့် ယာယီအပစ်အခတ်ရပ်စဲရေးအတွက် အစ္စရေးအစိုးရဝန်ကြီးအဖွဲ့ အစည်းအဝေး ပြုလုပ်မည်ဟု အစ္စရေးဘက်က သတင်းထုတ်ပြန်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်အစိုးရက ကြားဝင်စေ့စပ်ပေးလျက်ရှိရာမှ ထွက်ပေါ်ခဲ့သော ပဏာမသဘောတူညီချက်အရ လက်ဘနွန်နိုင်ငံ နယ်နိမိတ်ထဲသို့ ဝင်ရောက်တပ်စွဲထားသော အစ္စရေးတပ်ဖွဲ့များကို ရုပ်သိမ်းပေးရမည်။

ထိုသို့ ရုပ်သိမ်းပေးသည်နှင့် တစ်ပြိုင်နက် ဟစ်ဇဘိုလာပြောက်ကျားများကလည်း အပြည်ပြည်ဆိုင်ရာနယ်စပ်၏ မြောက်ဘက် ၁၈ မိုင်အကွာ လီတာနီမြစ်၏တောင်ဘက်မှ ဆုတ်ခွာပေးမည်။

ထို့နောက် ၎င်းတို့နေရာတွင် လက်ဘနွန်အစိုးရတပ်ဖွဲ့ဝင်များ အစားဝင်ရောက်စေရမည် စသည်ဖြင့် သဘောတူညီကြရမည်ဖြစ်သည်။

ထိုယာယီအပစ်အခတ်ရပ်စဲရေးကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုက လိုက်လျောခွင့်ပြုလိုသော်လည်း လက်ယာအစွန်းရောက် လုံခြုံရေးဝန်ကြီး အီတာမာဘင်ဂွါက ကန့်ကွက်နေကြောင်း သိရသည်။

**Mon**

0-0-0-0-0



STOP AIDS

## ပင်လယ်နီထဲ၌ ပင်လယ်ပုံပြင်အပျော်စီးသင်္ဘောနစ်မြုပ်၊ လူ ၂၈ ဦးကို ကယ်တင်ပြီးနောက် ၁၆ ဦး ပျောက်ဆုံးနေ

**ကိုင်ရို နိုဝင်ဘာ ၂၆**

ပင်လယ်နီထဲ၌ ပင်လယ်ပုံပြင်အပျော်စီးသင်္ဘော နိုဝင်ဘာ ၂၅ ရက်က နစ်မြုပ်ရာ လူ ၂၈ ဦးကို ကယ်တင်ပြီးနောက် ၁၆ ဦး ပျောက်ဆုံးနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အပျော်စီးသင်္ဘောသည် နိုဝင်ဘာ ၂၄ ရက်က အီဂျစ်နိုင်ငံ မာဆာအာလမ်မြို့အနီးရှိ ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။

၅ ရက် အပျော်စီးခရီးစဉ် ထွက်ခွာလာသော ယင်းပင်လယ်ပုံပြင်သင်္ဘောသည် ဝန်ထမ်း ၁၃ ဦး အပါအဝင် လူပေါင်း ၄၄ ဦးကို တင်ဆောင်ခုတ်မောင်းနေစဉ် တစ်နာရီလျှင် ၃၇ မိုင်မှ ၄၃ မိုင်အထိ တိုက်ခတ်သော လေပြင်းကြား ၁၀ ပေမှ ၁၃ ပေအထိ မြင့်သောလှိုင်းများ၏ ရိုက်ပုတ်မှုဒဏ်ကို မခံနိုင်ဘဲ နစ်မြုပ်သွားခဲ့ခြင်း ဖြစ်သည်။

အီဂျစ်၊ ဗြိတိန်၊ ပိုလန်၊ တရုတ် စသော နိုင်ငံအသီးသီးမှ ခရီးသည်များနှင့် သင်္ဘောဝန်ထမ်းများ ပျောက်ဆုံးနေသဖြင့် အီဂျစ်ရေတပ်မှ ကယ်ဆယ်ရေးအဖွဲ့က အခင်းဖြစ်ရေပြင်ပိုင်နက်အတွင်း ရှာဖွေကယ်ဆယ်နေဆဲဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Jung Kook ၏ Are You Sure? အမေရိကန်ရိုက်ကွင်းအမှတ်တရရှိခဲ့

ဘီတီအက်စ်အဖွဲ့ဝင်ဂျီမင်နှင့် ဂျောင်ဂုတို့၏ Are You Sure? ခရီးသွားရှိုး အမေရိကန်ရိုက်ကွင်းတွင် ပရိသတ်တစ်ဦးက Do You Know BTS? ဆိုသည့် ဗီဒီယိုခွေနှင့် အမှတ်တရတစ်ခုကို တင်ပြထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအမေရိကန်ရိုက်ကွင်းတွင် အမှတ်တရရှိခဲ့သည့်အကြောင်းကိုဝေမျှပေးထားရာ ဈေးဝယ်စင်တာကုန်စုံတန်းမှ အလုပ်လုပ်နေသည့် ဘီတီအက်စ်အမာခံပရိသတ်တစ်ဦးက ပလာဇာဒစ်ပလေးစင်ရှေ့ ငွေရှင်းကောင်တာတွင် အာရှသားနှစ်ဦးကိုတွေ့ပြီး ဂျောင်ဂု၊ ဂျီမင်တို့နှင့်တူသည်ဆို၍ မေးခွန်းမေးခဲ့သည်။

ယင်းပရိသတ်က ကိုရီးယားကလာသလားဆိုသည်ကို ဟုတ်ရင်လည်းဟုတ်မှာဟု ဖြေပြီး၊ ဘီတီအက်စ်သိသလားဟု ထပ်မေးရာ သိရင်လည်းသိမှာပေါ့ဟု ဖြေဆိုခဲ့ကြကာ၊ ဝန်ထမ်းကအာမီလိုဂိုတက်တူးပြလိုက်၍ နှစ်ဦးစလုံးအံ့အားသင့်ဖြစ်ခဲ့သော အမှတ်တရဖြစ်သည်။

**SKY**

## Wang Yi Bo နှင့် ဟိုင်နန်မိုးသစ်တောမှ မျောက်လွှဲကျော်တို့တွေ့ဆုံမှု



၂၀၂၄ခုနှစ်တွင် တရုတ်အနုပညာရှင် ဝမ်ရိဘိုက သဘာဝတရားကို ချစ်မြတ်နိုးစိတ်အပြည့်နှင့် စိန့် ခေါ်၍ မှတ်တမ်းရုပ်ရှင် Defenders Of The Hidden ရိုက်ကူးထားရာ ဟိုင်နန်မိုးသစ်တောတွင် မျောက်လွှဲကျော်များနှင့် တွေ့ဆုံခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယခုနှစ်တွင် စီစီတီဗွီချန်နယ်က ယင်းနေရာတွင် မျောက်လွှဲကျော်များရိုက်ကူးရေးအတွက် တစ်လစောင့်ခဲ့ရပြီး ဝမ်ရိဘိုနှင့် တွဲဖက် ဆရာလောင်ရှုယ်ကလည်း ယခင်က မိုးသစ်တောဇရိယာအတွင်း ဝင်ခဲ့သော်လည်းမတွေ့ခဲ့ချေ။

ဝမ်ရိဘိုတို့ မိုးသစ်တောထဲ လေးရက်ခရီးတွင် မျောက်လွှဲကျော်များကိုတွေ့ခဲ့ရာ စုစုပေါင်း ၄၂ ကောင်အနက် ငါးကောင်တွေ့ရှိခဲ့ကြပြီး ဝမ်ရိဘိုက ငါးစားချင်သည်ဟုပြောစဉ် ခြေထောက်အောက် ကျောက်တုံး၌ ညှပ်မိနေသည့် ငါးနှစ်ကောင်ရခဲ့၍ သဘာဝတရားကြီးနှင့်တစ်သားတည်း နေထိုင်ပုံများမြင်တွေ့ကြရသည်။

**SKY**

## Xiao Zhan ၏ ELLE Golden September Cover ရောင်းအားအကောင်းဆုံးဖြစ်ခဲ့

ရှောင်းကျန့်၏ ELLE Golden September Cover မဂ္ဂဇင်းမှာ ထွက်ရှိပြီးတစ်ခဏအတွင်း ကြော်ငြာခြင်းမရှိဘဲ ရောင်းအားအကောင်းဆုံးဖြစ်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါမဂ္ဂဇင်းတိုက်က တစ်နာရီအတွင်း အုပ်ရေမြောက်မြားစွာနှင့်ရောင်းထွက်ခဲ့ပြီး ရောင်းအားအကောင်းဆုံးဖြစ်ကာ ကုန်သွား၍ အရောင်းပိတ်လိုက်ခြင်းကို တရားဝင်ထုတ်ပြန်ကြေညာပေးထားပြီး ပရိသတ်များအလိမ်မခံရရန် သတိပေးခဲ့သည်။

ယင်းမဂ္ဂဇင်းကို မလိုအပ်ဘဲ ပြိုင်ဆိုင်မှုများမည်စိုး၍ မဂ္ဂဇင်းတိုက်က ၂၀၂၀ပြည့်နှစ်ကတည်းက ရိုက်ကူးထားပြီး ချပြထားခြင်းမရှိသောကြောင့် ပရိသတ်ကပို၍ စိတ်ဝင်စားခဲ့ကြခြင်း ဖြစ်သည်။

ရှောင်းကျန့် ပရိသတ်များ မဂ္ဂဇင်းဝယ်မရ၍ Weidian App တွင် ဈေးအမျိုးမျိုးနှင့်တင်ရောင်းနေကြကာ ယင်းနေရာတွင်ပင် အုပ်ရေခြောက်သောင်းရောင်းထွက်ခဲ့ခြင်း ဖြစ်သည်။ **SKY**



## အမိုင်နိုအက်စစ်နှစ်မျိုးထက်ပို၍ပါဝင်သောဒြပ်ပေါင်းဖြင့် နာတာရှည်ဗိုက်နာရောဂါကို သက်သာပျောက်ကင်းစေနိုင်

ဩစတြေးလျနိုင်ငံ ဗီယင်နာတက္ကသိုလ်မှ ဆေးဝါးပညာရှင်မားကပ်စ်မူတင်သာလာဦးဆောင်သော သုတေသီတစ်စုသည် နာတာရှည်ဗိုက်နာရောဂါနှင့်ပတ်သက်၍ အစွမ်းထက်သောဆေးဝါးသစ်တစ်မျိုးရှာဖွေရန် သုတေသနပြုလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ တစ်ကမ္ဘာလုံးတွင် လူသန်းပေါင်းများစွာခံစားနေရသော နာတာရှည်ဗိုက်နာရောဂါအတွက် ဆေးဝါးကောင်းဖော်စပ်နိုင်မည့်ဖော်နည်းတစ်ခုကို မကြာသေးမီက တွေ့ရှိခဲ့ကြသည်။

ယင်းဖော်နည်းကို အမိုင်နိုအက်စစ်နှစ်မျိုးထက်ပို၍ ပါဝင်သောဒြပ်ပေါင်းဖြင့် နာတာရှည်ဗိုက်နာရောဂါကိုသက်သာပျောက်ကင်းစေနိုင်မည့်တွေ့ရှိချက်အပေါ် အခြေခံခြင်းဖြစ်သည်ဟု မားကပ်စ်မူတင်သာလာက ရှင်းလင်းပြောကြားကြောင်းသိရသည်။ SCI



## Song Hye Kyo နှင့် Jenie Jang တို့ ရင်းနှီးခင်မင်မှုရှိကြ



ကမ္ဘာကျော်အနုပညာရှင်ဖြစ်လာသည့် ဆောင်းဟေကိုသည် Chaumet's International PR ဒါရိုက်တာ အီလိုဆီအာ၊ ဂျင်နီဂျောင်းတို့နှင့် ရင်းနှီးခင်မင်မှုရှိခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆိုးလ်မြို့မက်ဆီစားသောက်ဆိုင်တွင် ဂျင်နီဂျောင်း၊ ဆောင်းဟေကိုနှင့် အီလိုဆီအာတို့အတူ ဆုံတိုင်းစားသောက်ခဲ့ကြပြီး ဓာတ်ပုံတွဲရိုက်ထားကြသည်ကို ဂျင်နီဂျောင်းက အင်စတာဂရမ်တွင် တင်ပြထားကြသည်ကို ဂျင်နီဂျောင်းက အင်စတာဂရမ်တွင်တင်ပြထားသည်။

အဆိုပါဓာတ်ပုံများတွင် သုံးဦးသား စားသောက်ကြပြီး ရင်းနှီးခင်မင်စွာ ဓာတ်ပုံရိုက်ထားကြပုံမှာ ငယ်သူငယ်ချင်းကဲ့သို့ ထင်ရလောက်အောင် ရင်းနှီးခဲ့ကြကာ ဆောင်းဟေကိုက Chaumet ပွဲတွင် အဓိကရတနာလည်ဆွဲ ကိုရီးယားဝမ်တစ်သန်းတန်နှင့် အလှပြင်ဆင်ဖန်တီးထားသည်ကိုလည်း တွေ့ရသည်။ **SKY**




## Little Women အော်စကာခြောက်ဆုဆန်ခါတင်ဝင်ခဲ့

အော်စကာခြောက်ဆု ဆန်ခါတင်စာရင်းဝင်ခဲ့သည့် Little Women ရုပ်ရှင်သည် ၅၂၈မေတ္တာနှင့် ၁၅၀၀အချစ်ကို အကောင်းဆုံးပုံဖော်ထားသည့် ရုပ်ရှင်ဖြစ်သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သမီးလေးဦးနှင့် ပျော်ရွှင်စွာနေထိုင်သည့် မိသားစုတစ်စုကို ဇာတ်အိမ်တည်ထားရာ ဖခင်က တာဝန်ထမ်းဆောင်နေပြီး သမီးကြီးက ညီမလေးများနှင့်အတူ ပျော်ရွှင်စွာနေထိုင်ရာမှ ဖူးစာရှင်နှင့်တွေ့ပြီး ဆင်းရဲဒုက္ခကိုခံနိုင်ရည်ရှိရှိခံယူ၍ မိသားစုအတွက် ပေးဆပ်ရန် အပျိုကြီးဘဝနှင့် စာရေးဆရာမဖြစ်သည့် ဒုတိယသမီး၊ ပန်းချီဆရာမလေးနှင့် အငယ်ဆုံးစန္ဒရားဝါသနာပါသူတို့ မိခင်၏ အုပ်ထိန်းမှုအောက်တွင် တစ်ဦးကိုတစ်ဦး အနစ်နာခံခဲ့ကြပုံဖြစ်သည်။

"ညီအစ်မလေး၏ ချစ်သူများနှင့်ဆုံတွေ့ကြပြီး အနောက်နိုင်ငံစစ်ပွဲကာလနောက်ခံပုံဖော်ထားကာ လူတစ်ယောက်ကို စိတ်ဆိုးဖို့ဘဝက တိုလွန်းပါသည်" ဟု သင်ခန်းစာပေးထားသည်။

**SKY**

## G Dragon နှင့် GD ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ကို YG က G Dragon@ Kwan Jiyoung ကို ပေးအပ်ခဲ့

ဝိုင်ဂျီအင်တာတိန်းမင့်နှင့် နှစ်ပေါင်းများစွာလက်တွဲလာခဲ့သည့် ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်းကို G Dragon နှင့် GD ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် (Trademark Right) အားလုံးကို ပေးအပ်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပေးအပ်ရာတွင် ဝိုင်ဂျီအင်တာတိန်းမင့်မှ လျော်ကြေးတစ်စုံတစ်ရာမရှိ (မတောင်းဆိုဘဲ) ပေးခဲ့ခြင်းဖြစ်ပြီး ဤသို့ပေးအပ်ရခြင်းမှာ G Dragon အမည်သည် Iconic Status အဖြစ် စိုက်ထူထားနိုင်၍ဖြစ်သည်ဟု ထုတ်ပြန်ကြေညာထားသည်။



ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်းသည် ၂၀၂၃ခုနှစ် ဒီဇင်ဘာလတွင် ဝိုင်ဂျီမှထွက်ခွာလာခဲ့ပြီး ရှစ်လအကြာမှ ဤသို့ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

နာမည်တစ်လုံးကို လက်ရှိအချိန်အထိ စံပြအဖြစ်စိုက်ထူထားနိုင်သည့် ဂျီဒရယ်ဂွန်ကို ပရိသတ်များ ဂီတသစ်နှင့်မြင်တွေ့လို၍ စောင့်မျှော်နေကြသည်။

**SKY**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ လေ့ကျင့်နေမှု ကြည့်ရှုအားပေး




နေပြည်တော် နိုဝင်ဘာ ၂၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားပိုက်ကျော်ခြင်းအသင်း အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ အမျိုးသားဘော်လီဘောအသင်း အားကစားသမားများနှင့် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်အသင်းအားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထိုသို့ ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက အားကစားသမားများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အသင်းအဖွဲ့စိတ်ဓာတ်၊ အားကစားစိတ်ဓာတ်ဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများဖြစ်အောင် အလေးထားကြိုးစားလေ့ကျင့်သွားရန် မှာကြားပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမား စုစုပေါင်း ၉၀ က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အမျိုးသားဘောလုံး၊ အမျိုးသား ဘော်လီဘော၊အမျိုးသားပိုက်ကျော်ခြင်း၊အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်နှင့် အမျိုးသားဂေါက်သီးရိုက်စသည့် အားကစားနည်း ငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# 2024 Colourful World အမည်ဖြင့် ကျင်းပသည့် "International Youth Painting Invitational Exhibition; Awarding and Opening Ceremonies" တွင် မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ ဆုများရရှိ



နေပြည်တော် နိုဝင်ဘာ ၂၆

တရုတ်နိုင်ငံ ပေကျင်းမြို့၌ 2024 Colourful World အမည်ဖြင့် ကျင်းပသည့် "International Youth Painting Invitational Exhibition; Awarding and Opening Ceremonies" တွင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ ဆုများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၏ အသက် ၇ နှစ်မှ ၁၂ နှစ်အထိ အုပ်စုတွင် G-4 ကျောင်းသား မောင်သစ်ထူးညဏ်က ပထမဆု၊ အသက် ၁၃ နှစ်မှ ၁၈ နှစ်အထိ အုပ်စုတွင် G-9 ကျောင်းသား မောင်ဖုန်းမြတ်စံက ဒုတိယဆုနှင့် G-9 ကျောင်းသား မောင်မင်းစစ်ပိုင်၊ G-8 ကျောင်းသား မောင်ပြည့်ဖြိုးဟိန်းနှင့် ပန်းချီပညာသင်ကျောင်းမှ မဇူးဇူးလှိုင်တို့က တတိယဆုတို့ကို ရရှိခဲ့သည်။

အဆိုပါ "International Youth Painting Invitational Exhibition; Awarding and Opening Ceremonies" ကို နိုဝင်ဘာ ၂၃ ရက်က ပေကျင်းပြည်သူ့နိုင်ငံခြားတိုင်းပြည်များနှင့် ချစ်ကြည်ရေးအသင်း (BPAFFC)နှင့် Beijing Association for Science and Technology, Overseas Chinese Affairs Office of Beijing Municipal Government, Beijing Women's Federation တို့ ပူးပေါင်းစီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နိုင်ငံပေါင်း ၆၄ နိုင်ငံမှ ကျောင်းသား ကျောင်းသူ ၅၂၀၀၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို အသက် ၄ နှစ်မှ ၆ နှစ်အထိ အုပ်စု၊ အသက် ၇ နှစ် မှ ၁၂ နှစ်အထိ အုပ်စုနှင့် အသက် ၁၃ နှစ်မှ ၁၈ နှစ်အထိ အုပ်စုဟူ၍ အုပ်စုသုံးစု ခွဲခြားယှဉ်ပြိုင်စေခဲ့ကြကာ မြန်မာနိုင်ငံမှ မြန်မာ- တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)၏ ကြီးကြပ်မှုဖြင့် အထက်ပါအုပ်စုနှစ်စုတွင် ယှဉ်ပြိုင်ရေးဆွဲပေးပို့၍ ပြိုင်ပွဲဝင်ခဲ့ကြရာ ထူးချွန်ဆုများ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတကာ "ရောင်စုံကမ္ဘာ" လူငယ်များဖိတ်ခေါ်ပန်းချီပြိုင်ပွဲတွင် မြန်မာနိုင်ငံမှပြိုင်ပွဲဝင် မောင်သစ်ထူးညဏ်၏လက်ရာ ပထမဆုရပန်းချီကား။

# AFC Futsal Goalkeeping Level 1 Coaching Certificate Course 2024 သင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၂၆

AFC Futsal Goalkeeping Level 1 Coaching Certificate Course 2024 သင်တန်းကို ယနေ့ညနေပိုင်းက ဖွင့်လှစ်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို သုဝဏ္ဏကွင်းအတွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမတွင် ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်၊ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ ကော်မတီဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။




သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် သင်တန်းနည်းပြဆရာ Mr.Devandran Supramanium တို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ကြသည်။

AFC Futsal Goalkeeping Level 1 Coaching Certificate Course 2024 သင်တန်းကို နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ (၁၄)ဦး တက်ရောက်ကြမည်ဖြစ်သည်။

(NGB)

# MFF Basic Futsal Referee Course 2/2024 သင်တန်းပြီးဆုံး

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဒိုင်ကော်မတီ၊ ဒိုင်ဌာနတို့ ပူးပေါင်းဖွင့်လှစ်သော MFF Basic Futsal Referee Course 2/2024 သင်တန်းကို ယနေ့ညနေပိုင်းက ပြီးဆုံးခဲ့ပြီ ဖြစ်သည်။

ယင်းသင်တန်းဆင်းပွဲ အခမ်းအနားကို သုဝဏ္ဏကွင်းအတွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်၊ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ ကော်မတီဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။




သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်တို့က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြသည်။

MFF Basic Futsal Referee Course 2/2024 သင်တန်းကို နိုဝင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ (၇)ရက်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၁၉ ဦးနှင့် သင်တန်းသူ တစ်ဦးတို့ တက်ရောက်ခဲ့ကြသည်။

(NGB)